# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၂၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးနှင့်အတူ စစ်ရေးချုပ်အဆင့်ရှိသူ စောစိန်ဝင်းနှင့် ဆက်ဆံရေးဌာနမှူး စောကျော်သန်းဌေးတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် **ပြည်ထောင်စုအကျိုးကိုရှေးရှု၍ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးရာတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသတစ်ခုချင်းနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည် ဆွေးနွေးသွားမည်ဖြစ်သဖြင့် အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးကြစေလိုကြောင်း၊**

*စာမျက်နှာ ၃ ကော်လံ ၁* ■



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**




# နိုင်ငံဖွံ့ဖြိုးရေး၏ အနှောင့်အယှက် အဂတိလိုက်စားမှုများ တိုက်ဖျက်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အုပ်ချုပ်ရေးကောင်းမွန်မှုက အဓိကကျသည်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု အနေးဆုံး နိုင်ငံစာရင်းပေါက်နေသည့် အခြေအနေမှ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာအောင် ထူထောင်တည်ဆောက်ကြရာတွင် ကောင်းမွန်သောအုပ်ချုပ်ရေး(Good Governance) မှာ အထူးလိုအပ်သည်။ ဤတွင် အုပ်ချုပ်ရေးဟူသည် အစိုးရတစ်ရပ်အနေဖြင့် ကောင်းမွန်သော စီမံကွပ်ကဲမှုဖြစ်ပေါ်လာစေရန် ပြုပြင်ပုံဖော်ထားသည့် လုပ်ငန်းစဉ်ပင်ဖြစ်ရာ နိုင်ငံကောင်းရန်အတွက် ကောင်းသောအုပ်ချုပ်ရေးကို ထူထောင်ကြရစမြဲဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်အလို့ငှာ ကောင်းမွန်သောအုပ်ချုပ်ရေးကို ထူထောင်ရာတွင် အရည်အသွေးကင်းမဲ့သော၊ ယိုယွင်းညှံ့ဖျင်းနေသောအဖွဲ့အစည်းများသာရှိခြင်း၊ လူထုပူးပေါင်းပါဝင်မှုနှင့် ဒီမိုကရေစီနည်းကျဆောင်ရွက်မှုတို့မရှိခြင်း၊ လူမှုအဖွဲ့အစည်းအရင်းအမြစ်များမရှိခြင်း၊ အကျင့်စာရိတ္တပျက်စီးကာ လာဘ်ပေးလာဘ်ယူမှုများ ရှိနေခြင်း စသည့် စိန်ခေါ်မှုများမှာ ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် အခက်အခဲများ ဖြစ်ပေါ်စေသည်။

အကျင့်စာရိတ္တပျက်စီးခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ အဂတိလိုက်စားခြင်းတို့မှာ လူအများ သိနားလည်ထားသည်ထက် များစွာပို၍ နိုင်ငံနှင့်လူ့အဖွဲ့အစည်းကို ဆိုးရွားစွာ ထိခိုက်ဆုံးရှုံးစေသည်။ နယ်ပယ်စုံကဏ္ဍစုံကို ပျက်စီးစေသည်။ လူတို့၏ အတွေးအခေါ်များကို မှားယွင်းစေသည်။ စီးပွားရေးနှင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုကို လျော့ပါးစေသည်။ ဆင်းရဲနွမ်းပါးမှု တိုးစေပြီး လူ့အခွင့်အရေးကို လျော့ပါးစေသည်။ စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ၏ ဖြောင့်မတ်တည်ကြည်မှုကို ယိုယွင်းစေသည်။ အလွန်အကျွံ မညီမျှမှုများ ဖြစ်ပွားစေပြီး အစိုးရအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုကို ပျက်စီးစေသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများကိုလည်း လျော့ကျစေသည်ဟုဆိုရာ မည်မျှကျယ်ပြန့်နက်ရှိုင်းကြောင်းကို တွေ့မြင်နိုင်သည်။

မိမိတို့နိုင်ငံတွင် ကောင်းမွန်သောအုပ်ချုပ်ရေး ဖြစ်ထွန်းလာစေရန်အတွက် ဆောင်ရွက်ချက်တစ်ရပ်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်း၍ ၂၀၁၄ ခုနှစ်တွင် ဥပဒေနှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် အကျင့်စာရိတ္တ ပျက်ပြားပြီး အဂတိလိုက်စားမှုများ အမြစ်တွယ်နေဆဲဖြစ်ရာ လူမြင်ကွင်းမှသည် မမြင်ကွယ်ရာနေရာများအထိ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည်။ လက်ဖက်ရည်ဖိုး၊ ကွမ်းယာဖိုးမှသည် သိန်းထောင်ပေါင်းများစွာအထိ ပမာဏအားဖြင့်လည်း ကြီးမားနေဆဲဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် အဓိကအနှောင့်အယှက် အဟန့်အတားတစ်ခုဖြစ်သော အဂတိလိုက်စားမှုများကို ဆန့်ကျင်တိုက်ဖျက်ရာတွင် ပြည်သူအပေါင်းကလည်း ပါဝင်ကြရပါမည့်အကြောင်း။ ။

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ(ကျောက်စိမ်း) ဦးမောင်မောင်ရှိမ်း ကို ယင်းလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

## ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၁၉**



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

ဦးစွာ ဒုတိယတိုင်းမှူးနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ခုနစ်ဦးကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ PDF အဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

■ ရှေ့ဖုံးမှ

ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

### အပြန်အလှန်ဆွေးနွေး

ထို့နောက် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးနှင့် အဖွဲ့ဝင်များက ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) အနေဖြင့် တပ်မတော်နှင့် အမြဲတမ်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

### လက်ဆောင်ပစ္စည်းများပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးက ဒေသထွက် လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



**နေပြည်တော် ဇွန် ၁၉**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား၊ အမျိုးသမီး) သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ် နယ်မြေခံ သင်တန်းကျောင်း စက်ပစ်ကွင်း၌ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည် မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကျင်းပရာ ပြိုင်ပွဲဝင်များအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် ဗထူးတပ်နယ်(အမျိုးသား/အမျိုးသမီး)အသင်းတို့အား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ (ယာပုံ)

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ခုနစ်သင်းနှင့် အမျိုးသမီးအသင်း ခုနစ်သင်းဖြင့် ဇွန် ၁၂ ရက်မှ ၁၉ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် (၂၅) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (25th St. Petersburg International Economic Forum- SPIEF' 22) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဇွန် ၁၉**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတအကြံပေးနှင့် (၂၅) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်ကျင်းပရေးကော်မတီ၏ အမှုဆောင်အတွင်းရေးမှူးဖြစ်သူ Mr. Anton Kobyakov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ဇွန် ၁၅ ရက်မှ ၁၈ ရက်အထိကျင်းပသည့် (၂၅) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်သည်။





ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်ကျင်းပသည့် (၂၅) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (25th St. Petersburg International Economic Forum– SPIEF' 22) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

### ရေနံချက်စက်ရုံတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

ဖိုရမ်မတိုင်မီ ဇွန် ၁၄ ရက် မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ကိုယ်စားလှယ်အဖွဲ့သည် Sigma LLC Co., Ltd. မှ Deputy Director General for Foreign Economic Relations ဖြစ်သူ Mr. Rodionov Nikita အား လက်ခံတွေ့ဆုံ၍ ရေနံထွက်ပစ္စည်းများထုတ်လုပ်ရေး၊ တင်သွင်းရောင်းချရေးနှင့် ရေနံချက်စက်ရုံတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

### သင်္ဘောများတည်ဆောက်နေမှု ကြည့်ရှုလေ့လာ

ဖိုရမ်၏ ပထမနေ့ဖြစ်သည့် ဇွန် ၁၅ ရက် မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ကုမ္ပဏီဖြစ်သော Sigma LLC Co., Ltd. မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် အခွင့်အလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့ပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ Baltic Shipyard သို့ သွားရောက်လေ့လာခဲ့ရာ Civil Shipbuilding Markets Development, United Shipbuilding Corporation မှ Deputy General Director ဖြစ်သူ Mr. David Adamiya က တည်ဆောက်အသုံးပြုနေသော ရေခဲခွဲသင်္ဘောများ၊ ရေပေါ်ဓာတ်အားပေးစက်ရုံများ အကြောင်းကို ရှင်းလင်းတင်ပြခဲ့ပြီး Shipyard အတွင်း သင်္ဘောများတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုလေ့လာသည်။

### လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ရေးထိုးနိုင်ရေး ဆွေးနွေး

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာ ပွင့်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H. E. Mr. Sergei Glazyev မှ တည်ခင်းသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်၍ နှစ်နိုင်ငံဘဏ်လုပ်ငန်းနှင့် ငွေပေးငွေယူကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Cooperation) လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်တွေ့လုပ်ငန်းစဉ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ၊ အာဆီယံနှင့် ဥရောပ–အာရှစီးပွားရေးကော်မရှင်အကြား ပေါင်းစပ်ဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံနှင့် ဥရောပ–အာရှစီးပွားရေးကော်မရှင်တို့အကြား လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ရေးထိုးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

### နှစ်ဖက်ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဖိုရမ်ဒုတိယနေ့ဖြစ်သည့် ဇွန် ၁၆ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီးအေအီးယူ – အာဆီယံ (EAEU – ASEAN) ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဆွေးနွေးပြောကြားသူအဖြစ် ပါဝင်တက်ရောက်ကာ အီးအေအီးယူနှင့် အာဆီယံတို့အကြား သိပ္ပံနှင့်နည်းပညာနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းအင်အသုံးပြုမှုတွင် ကာဗွန်လျှော့ချရေးနည်းလမ်းများ ပြောင်းလဲအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စီမံချက်များ ပူးပေါင်းအကောင်အထည်ဖော်ရေး၊ ဒစ်ဂျစ်တယ်လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးနှင့် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Maksim Reshetnikov နှင့်တွေ့ဆုံ၍ ရုရှား–မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် တတိယအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရေး၊ ရုရှား–မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (မူကြမ်း) လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံတွင် စက်မှုဇုန်များထူထောင်၍ လာရောက်လုပ်ကိုင်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ထို့ပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ROSATOM State Nuclear Energy Corporation ၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Alexey Likhachev အား လက်ခံတွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် ရုရှားနိုင်ငံ၏ နျူကလီးယားစွမ်းအင်ဆိုင်ရာ နည်းပညာအသုံးပြု၍ စက်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်မှုအခြေအနေ၊ နျူကလီးယားစွမ်းအင် အသုံးပြုမှုနှင့်စပ်လျဉ်း၍ လိုအပ်သည့်ကိစ္စများအား ရှင်းလင်းပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးကလည်း မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားရရှိ၊ သုံးစွဲနိုင်မှုအခြေအနေကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

### ဘဏ်များ၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ SOV COM Bank မှ Managing Director နှင့် Head of Structured Finance and Financial Solution ဖြစ်သူ Ms. Olga Ermachenleo နှင့်တွေ့ဆုံ၍ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

### မြန်မာ–ရုရှား ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု

ညပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား–အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Ivan Polyakov က တည်ခင်းသည့် အလုပ်သဘောညစာစားပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံ–ရုရှား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများနှင့် မြန်မာ–ရုရှား ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

### ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

ဖိုရမ်၏ တတိယနေ့ဖြစ်သည့် ဇွန် ၁၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား–အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Ivan Polyakov နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု တိုးတက်ဆောင်ရွက်နိုင်ရေး၊ ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စများ လွယ်ကူချောမွေ့စေရေး၊ နိုင်ငံတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးတက်ထွက်ရှိရန်နှင့် ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရန်အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီနိုင်ရေး၊ စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်စေရေး၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ရေး၊ နည်းပညာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကူညီပံ့ပိုးရေး၊ ဆီချောစက်ရုံများ၊ ဓာတ်မြေဩဇာစက်ရုံများ၊ ရော်ဘာစက်ရုံများ တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေး၊ နှစ်နိုင်ငံ လေကြောင်းလိုင်းပြေးဆွဲရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ စက်သုံးဆီ သိုလှောင်ကန်နှင့် အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်နှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း စာအုပ်စာစောင်များကို ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံတွင်လက်ခံကျင်းပမည့် ရုရှား–မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင် တတိယအကြိမ် အစည်းအဝေးတွင် ရုရှား–အာဆီယံ စီးပွားရေးကောင်စီမှလည်း ပါဝင်တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားသည်။

*စာမျက်နှာ ၅ သို့*

# ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇွန် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ရောက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေး ဆောင်ရွက်ခဲ့သည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင် ဦးဆောင်သည့်ငြိမ်းချမ်းရေးကိုယ်စား လှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်း တည်ငြိမ် အေးချမ်းရ** စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များကိုင်ဆောင်၍လည်းကောင်း နေပြည်တော်ရှိ Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**






# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇွန် ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သီရိမင်္ဂလာဘုံမြင့် ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနဝ္ဗရောင်ခြည်ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ မြို့မရေလည် ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်ရှိအောင်မြေဘုံစံကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ လေးမျက်နှာပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါက်တောမြို့တွင် ၆ ဒသမ ၉၃ လက်မ၊ ဘူးသီးတောင်မြို့တွင် ၅ ဒသမ ၃၉ လက်မ၊ မြေပုံမြို့တွင် ၄ ဒသမ ၃၂ လက်မ၊ မြောက်ဦးမြို့တွင် ၄ ဒသမ ၁၉ လက်မ၊ ချီဖွေမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၄၆ လက်မ၊ မင်းပြားမြို့တွင် ၃ ဒသမ ၂၂ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ပုဏ္ဏားကျွန်းမြို့တွင် ၂ ဒသမ ၅၀ လက်မ၊ ရသေ့တောင်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ဥက္ကံမြို့တွင် ၂ ဒသမ ၂၀ လက်မနှင့် နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်)နှင့် အမ်းမြို့နယ်တို့တွင် ၂ ဒသမ ၁၇ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

*စာမျက်နှာ ၄ မှ*

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ ဖိုရမ်တတိယနေ့ နံနက်ပိုင်းတွင် Park Inn by Radisson Pulkovskaya ၌ ကျင်းပပြုလုပ်သော INTER RAO–Export LLC နှင့် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနတို့အကြား လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းလက်မှတ်ရေးထိုးပွဲတွင် INTER RAO–Export LLC ၏ General Director ဖြစ်သူ Mr. Maxim E. Sergeev က ကုမ္ပဏီအနေဖြင့် နိုင်ငံတကာတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ပစ္စည်းတင်သွင်းမှု၊ တည်ဆောက်မှုလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံတွင် လျှပ်စစ်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

### စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ရှင်းလင်းပြောကြား

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် စွမ်းအင်ဝန်ကြီးဖြစ်သူ H.E. Mr. SHULGINOV Nikolay ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းသို့တွေ့ဆုံရာတွင် ရုရှားနိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. SOROKIN Pavel လည်း ပါဝင်တက်ရောက်ခဲ့ပြီး Mr. SHULGINOV Nikolay က ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ကြောင်း၊ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ ရုရှားကုမ္ပဏီများ ပါဝင်ဆောင်ရွက်နေမှုများနှင့် ရေနံနှင့်ရေနံထွက်ပစ္စည်းများ တင်ပို့ရေးနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးကလည်း မြန်မာနိုင်ငံအတွက် စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ရှင်းလင်းပြောကြား၍ ရုရှားနိုင်ငံနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့သည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံဝန်ကြီးဌာနများအကြား ပူးပေါင်းလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ လက်တွေ့လုပ်ငန်းဆောင်ရွက်ရန် သဘောတူ ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ဖိုရမ်၏ စုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါ စုံညီအစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ပလာဒီမာပူတင် တက်ရောက်၍ ကမ္ဘာ့စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားနိုင်ငံ၏ စီမံဆောင်ရွက်နေမှုများ၊ ပထဝီနိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုရှားစီးပွားရေးအခြေအနေ၊ စီမံကိန်းများအတွက် ငွေကြေးထုတ်ချေးမည့် ကိစ္စရပ်များ၊ စီးပွားရေးပိတ်ဆို့မှုများ၊ မေခရိုစီးပွားရေးတည်ငြိမ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ စိန်ခေါ်မှုများမှ အခွင့်အလမ်းသို့ ပြောင်းလဲဆောင်ရွက်မှုများ၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုလုံခြုံစိတ်ချရေး၊ ခေတ်သစ်ပုံစံဖြင့် ဈေးကွက်ဖွင့်လှစ်ဆောင်ရွက်ရေး၊ နိုင်ငံအဆင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးတို့နှင့် စပ်လျဉ်း၍အကျယ်တဝင့် ထည့်သွင်းပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကို ဆွေးနွေး

ဖိုရမ်ကာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် Bank of Russia မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Ms. Olga Skorobogatova နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Bank of Russia တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ (Bilateral Cooperation MoU) ရေးထိုးရန် ကိစ္စရပ်များနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ ထို့နောက် ရုရှားနိုင်ငံ၏ National Payment Card System ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသော MIR မှ CEO ဖြစ်သူ Mr. Vladimir Komlev နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံကြား ခရီးသွားကဏ္ဍတွင် ဒေသတွင်း နှစ်နိုင်ငံငွေကြေးသုံးစွဲနိုင်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဆွေးနွေးသည်။

ဖိုရမ်၏ စတုတ္ထနေ့ဖြစ်သည့် ဇွန် ၁၈ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၌ပြသထားသည့် ပြခန်းများကိုလေ့လာ၍ စီးပွားရေးဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် ဆွေးနွေးသည်။

### စီးပွားရေးဆိုင်ရာအခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ဆွေးနွေးနိုင်သည့် လမ်းကြောင်းတစ်ခု

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သည် နိုင်ငံတကာဦးဆောင်အဖွဲ့အစည်းအဖြစ် ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုကို ရရှိစေရေးအတွက် လက်တွေ့ဆောင်ရွက်နေမှုများကို အမြင်ချင်းဖလှယ်၍ ဆွေးနွေးသည့် ဖိုရမ်တစ်ခုဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ရာ ၂၀၀၅ ခုနှစ်မှစတင်၍ ရုရှားဖက်ဒရေးရှင်းသမ္မတ၏ ကြီးကြပ်မှုအောက်တွင် ကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းသမ္မတသည် ဖိုရမ်သို့ နှစ်စဉ်တက်ရောက်ခဲ့သည်။ ဖိုရမ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ထွန်းသစ်စနိုင်ငံများ၏ ကမ္ဘာ့စီးပွားရေးဈေးကွက်များ၌ ကြုံတွေ့ရသည့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို စီးပွားရေးအဖွဲ့အစည်းများအကြား ဆွေးနွေးနိုင်သည့် လမ်းကြောင်းတစ်ခုအဖြစ် ရောက်ရှိသည်။

ယခုကျင်းပသောဖိုရမ်သို့ ကာဇက်စတန်နိုင်ငံ သမ္မတက ကိုယ်တိုင်တက်ရောက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် အီဂျစ်နိုင်ငံ သမ္မတတို့က online မှတစ်ဆင့် ပါဝင်တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံ ၄၃ နိုင်ငံမှ ဝန်ကြီးများ၊ ၈၄ နိုင်ငံမှ သံတမန်အကြီးအကဲများနှင့် နိုင်ငံနှင့်အုပ်ချုပ်မှုဒေသပေါင်း ၁၄၀ ကျော်တို့မှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ဆေးရုံကြီး ညောင်ဦးမြို့ရှိ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၁၉

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး ညောင်ဦးမြို့သို့ သွားရောက်ကာ ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။** (အောက်ပုံ)



### ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းလာပြီး ကာကွယ်ဆေးထိုးနိုင်သည့် လူဦးရေလွှမ်းခြုံမှု အားကောင်းလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ထိန်းချုပ်မှုများကိုဖြေလျှော့၍ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ ပြေးဆွဲမှု ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ RDT စစ်ဆေးပေးခြင်းဖြင့် မိမိတို့လိုရာသို့ ဆက်လက်သွားရောက်နိုင်အောင် ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံတကာခရီးသွားများအတွက် ကျန်းမာရေးအာမခံစနစ်ကိုလည်း နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ Monkeypox ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက်လည်း နိုင်ငံတကာခရီးသွားများအတွက် Health Declaration Card များပြုစုကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ညောင်ဦးမြို့သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်နေရာတွင် တည်ရှိသဖြင့် ပြည်တွင်းခရီးသွား ဧည့်သည်များသာမက ပြည်ပခရီးသွားဧည့်သည်များပါ အသွားအလာများပြားသည့် နေရာဖြစ်သဖြင့် ပြည်သူ့ဆေးရုံကြီး ညောင်ဦးမြို့၏ ဆေးကုသရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆေးရုံကြီးများ၌ အကူသူနာပြုသင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး သူနာပြုများ၏ ရာထူးအခွင့်အလမ်းများကို သတ်မှတ်ချက်များနှင့်အညီ တိုးမြှင့်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာဝန်များအတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ၊ အစည်းအဝေးများ၊ နှီးနှောဖလှယ်ပွဲများသို့ သွားရောက်၍ ပညာလေ့လာဆည်းပူးနိုင်ရေးကိုလည်း စီစစ်ပံ့ပိုးပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိရာ ဘာသာရပ် ၁၁ ခုအတွက် လုပ်သက် ကန့်သတ်ချက်မရှိဘဲ ဘွဲ့လွန်ပညာသင်ကြားခွင့် ရရှိမည်ဖြစ်ကြောင်း၊ ဓာတ်မှန်ကဲ့သို့ ဘာသာရပ်များအတွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ ပါမောက္ခများ၏ အကြံပြုချက်များ ရယူနိုင်မည့် Teleconsultation၊ Teleradiology စနစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်း။

သွေးလွန်တုပ်ကွေးရောဂါအပါဝင် TB, HIV, Malaria ရောဂါများအတွက် လိုအပ်သည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့် ပစ္စည်းကိရိယာများ၊ ဆေးဝါးများ လုံလောက်စွာထောက်ပံ့ရန် စီစဉ်ထားကြောင်း၊ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါများကဲ့သို့ မကူးစက်နိုင်သော နာတာရှည်ရောဂါများအတွက် ဆေးဝါးများကိုလည်း ပြည်သူ့ဆေးရုံများ၌ လုံလောက်စွာထားရှိရန် စီစဉ်ထားရှိရမည်ဖြစ်ကြောင်း၊ အရေးပေါ်ဆေးကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးနှင့် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းကို အားဖြည့်ဆောင်ရွက်ပေးရန် မှာကြားသည်။

### လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေး

ထို့နောက် တက်ရောက်လာကြသည့် အထူးကုဆရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှုများနှင့် လိုအပ်ချက်များတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦးခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ညောင်ဦးပြည်သူ့ဆေးရုံကြီး၏ ဆေးကုသရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးကုသဆောင်များ၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ 64 Slice CT scan တပ်ဆင်နေမှုအခြေအနေ၊ ဓာတ်မှန်ဌာန၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းများ၊ အထူးကြပ်မတ်ကုသခန်း၊ အောက်ဆီဂျင်စက်များ တပ်ဆင်ထားရှိမှု၊ ခွဲစိတ်လူနာဆောင်၊ အရိုးကုသဆောင်၊ ကျောက်ကပ်သန့်စင်ခန်း၊ ကလေးနှင့် မွေးကင်းစလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုကာ လူနာများ၊ လူနာစောင့်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်း သိရသည်။

**သတင်းစဉ်**


## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် "**ပန်းခင်း**"စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေး ခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင် လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည် ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပို ထားရှိကိုင်ဆောင် ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန


# ခန္တီးမြို့၌ စွန့်ပစ်အမှိုက်များအသုံးပြု၍ သဘာဝမြေဩဇာပြုလုပ်

**ခန္တီး ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကာ စွန့်ပစ်အမှိုက်များကို အသုံးပြု၍ သဘာဝမြေဩဇာပြုလုပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မြို့မရပ်ကွက် ကမ်းနားလမ်းရှိ ကျွန်းစိုက်ခင်းအတွင်း ပြုလုပ်သည်။

ထိုသို့မြေဩဇာပြုလုပ်ရာတွင် အလျား ခြောက်ပေ၊ အနံ သုံးပေရှိ ပေါင်ပေါ်တွင် သစ်ရွက်ဆွေးအမှိုက်များကို ဒု ခြောက်လက်မ ဖြန့်ခင်းကာ ယင်းပေါ်တွင် နွားချေး လေးပြည်၊ ဖွဲနု လေးပြည် ဖြူးပေးရကြောင်း၊ ထို့နောက် အီးအမ်ဖျော်ရည် တစ်လီတာနှင့် တင်လဲရည် တစ် လီတာကို ရေဂါလန် ၂၀ နှင့် ရောစပ်ထားသည့်ရေ သုံးဂါလန် လောင်းပေးရကြောင်း၊ ထိုသို့ တစ်ထပ်ပြီးတစ်ထပ်ပြုလုပ်ရကာ ခြောက်ထပ်မြောက် ပြုလုပ်ပြီးနောက် ပလတ်စတစ်ဖြင့် အလုံဖုံးအုပ်ကာ ထားရှိရကြောင်းနှင့် ပြုလုပ်သည့် သစ်ရွက်ဆွေးအမှိုက်များပေါ်မူတည်၍ အချိန် သုံးလခန့် ကြာချိန်တွင် ဘက်စုံအသုံးပြု၍ရသည့် သဘာဝမြေဩဇာကို ရရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းဝေက ရှင်းလင်းပြောကြားသည်။

**ယွန်း (မုံရွာ၊ ကိုယ်ပွား)**


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေး အဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သာသနာရေးဆိုင်ရာကိစ္စများ ဆောင်ရွက်





**ရန်ကုန်  ဇွန်  ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်တော်၌ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(ယာပုံ)**

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ထေရဝါဒဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ သုစိတ္တထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်နှင့် သနတ္တနဓမ္မပါလကအဖွဲ့ချုပ်တို့မှ နာယက၊ ဒုတိယဥက္ကဋ္ဌ၊ ယာယီအမှုဆောင်များနှင့်တွေ့ဆုံသည်။

**ကူညီစောင့်ရှောက်ပေးသွားမည်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ် (ယာယီ)၏ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီ အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၆၃ နှင့်အညီ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**စေတီတော်မြတ်ကြီးအား ဖူးမြော်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့်တွေ့ဆုံပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အသင်းရုံး၌ အမှုဆောင်အဖွဲ့နှင့်တွေ့ဆုံပြီး အသင်းကြီး၏ ယဉ်ကျေးလိမ္မာသော လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းလာရေး ဆောင်ရွက်ချက်များသည် အရေးကြီးကြောင်း ပြောကြားသည်။

**လိုအပ်သည်များကိုမှာကြား**

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) က လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နေပြည်တော်ကောင်စီနယ်မြေရှိ National Control Center (NCC) နှင့် ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော်  ဇွန်  ၁၉**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ National Control Center (NCC)၊ ၂၃၀ ကေဗွီ နေပြည်တော် (၂) ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံ၊ နေပြည်တော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးခွဲရုံ (၃) နှင့် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းခွဲရုံရှိ ADMS Control Center တို့ကို ကြည့်ရှုစစ်ဆေးသည်။

**အလေးပေးဆောင်ရွက်**

နံနက်ပိုင်း၌ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော် ဓာတ်အားစနစ်ကွပ်ကဲရေး ဗဟိုဌာန National Control Centre (NCC) သို့ရောက်ရှိပြီး နိုင်ငံတော် ဓာတ်အားစနစ် ထိန်းညှိကွပ်ကဲနိုင်ရေးအတွက် ထိန်းချုပ်ရေးစင်တာနှစ်ခုဖြစ်သည့် NCC နေပြည်တော်နှင့် Load Dispatching Centre (LDC) ရန်ကုန်တို့ဖြင့် ဆောင်ရွက်လျက်ရှိသလို ဒေသအလိုက် ဓာတ်အားထိန်းညှိကွပ်ကဲရေးဌာန Regional Control Centre (RCC) အဖြစ် မန္တလေးနှင့် အခြားသင့်လျော်သော နေရာများတွင် အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်လျက် ရှိကြောင်း၊ Generation Mix ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှုများကို ပြည်သူများက ယုံကြည်စိတ်ချစွာ အကျိုးရှိရှိ အသုံးပြုနိုင်ရေး ဓာတ်အားစနစ်၏ Reliability နှင့် Reslience ကို မြှင့်တင်နိုင်ရေး အလေးပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယင်းအတွက် – NCC နေပြည်တော်ရှိ SCADA Network လုံခြုံရေးနှင့် အခြားလိုအပ်သည်များကို အဆင့်မြှင့်တင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော် ဓာတ်အားစနစ်အတွင်း နေရောင်ခြည်နှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စနစ်များမှ Master Plan အတိုင်း တိုးမြှင့်ထုတ်လုပ်ကာ Resilient Smart Power Grid အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရှိပါကြောင်း၊ NCC ရှိ SCADA Network ဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားကာ NCC တွင် ဓာတ်အားစနစ် ထိန်းညှိကွပ်ကဲမှုလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ၂၃၀ ကေဗွီ နေပြည်တော် ပင်မဓာတ်အားခွဲရုံ(၂)သို့ ရောက်ရှိပြီး နေပြည်တော်အတွင်းရှိ ပင်မဓာတ်အားခွဲရုံ ဖြစ်သည့်အတွက် တည်ငြိမ်သည့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှုနှင့် Line Losses လျော့နည်းကျဆင်းရေး အလေးထားဆောင်ရွက်ရန်၊ ခွဲရုံရှိ ထရန်စဖော်မာများ၊ Switchgear နှင့် အခြားခွဲရုံသုံး ပစ္စည်းများအား စဉ်ဆက်မပြတ် ထိန်းသိမ်းစစ်ဆေးရန်၊ နေရောင်ခြည်စွမ်းအင်စနစ် စက်ရုံများမှ ဓာတ်အားထုတ်လုပ်မှုများ ရှိလာပါက လက်ခံပို့လွှတ်ရန် ကြိုတင်ပြင်ဆင်ထားရန်နှင့် ခွဲရုံအတွင်း အပြင်နှင့် ဝန်ထမ်းအိမ်ရာသန့်ရှင်းသာယာလှပရေး ပုံမှန်ဆောင်ရွက်ရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ချီးမြှင့်သည်။

**ထောက်ပံ့ငွေများ ချီးမြှင့်**

ယင်းနောက် ဒုတိယဝန်ကြီးသည် ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး လိုအပ်သည်များ မှာကြား၍ ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် Switch Yard အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ချီးမြှင့်သည်။

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ၃၃ ကေဗွီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးခွဲရုံ(၃)နေပြည်တော်သို့ ရောက်ရှိပြီး ဓာတ်အားပြတ်တောက်မှုနှင့် Line Losses ကျဆင်းရန်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ခွဲရုံဖြစ်ရေး အလေးပေး ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ပြီး ဓာတ်အားခွဲရုံနှင့် Switch Yard အတွင်း ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းများမှ ဓာတ်အား ဖြန့်ဖြူးပေးထားမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများကို ထောက်ပံ့ငွေများ ချီးမြှင့်သည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း ခွဲရုံရှိ Advanced Distribution Management System (ADMS) Control Center သို့ သွားရောက်ပြီး ပြည်သူများအတွက် အရည်အသွေးကောင်းမွန်၍ တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်၊ Network Security ဂရုပြုဆောင်ရွက်ရန်၊ ဓာတ်အားပြတ်တောက်မှုနှင့် Line Losses လျော့နည်းကျဆင်းရန်နှင့် ADMS သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ADMS Control Center အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော်  ဇွန်  ၁၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံနှင့်ဌာနအပေါ် သစ္စာစောင့်သိကြပြီး အနာဂတ်ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်





**နေပြည်တော် ဇွန် ၁၉**

ဇွန် ၁၅ ရက်တွင်ကျရောက်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၂၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ အခမ်းအနားပထမပိုင်းအဖြစ် နံနက် ၅ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များသည် ပျဉ်းမနားမြို့မှ ပင့်သံဃာဆရာတော်ကိုးပါးအား အရုဏ်ဆွမ်းဆက်ကပ်ကြပြီးနောက် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာကြားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပါဠိတက္ကသိုလ်ကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**ကျေပွန်စွာကြိုးပမ်းဆောင်ရွက်**

နံနက် ၉ နာရီတွင် အခမ်းအနားဒုတိယပိုင်းကို ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် လက်ရှိဦးစီးဌာနများအနေဖြင့် ယခင်ကတည်းက အဆင့်ဆင့် ပြောင်းလဲဖွဲ့စည်းဖြစ်တည်ခဲ့ရာမှ ၁၉၉၅ ခုနှစ် ဇွန် ၁၅ ရက်တွင် ဝန်ကြီးဌာနတစ်ခု သီးသန့်အဖြစ် ဖွဲ့စည်းပေါ်ပေါက်ခဲ့သည့်အတွက် ယခုဌာနဖြစ်တည်မှုမှာ ၂၇ နှစ် ရှိခဲ့ပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဓိကလုပ်ငန်းတာဝန် (၃) ရပ် ချမှတ်ကာ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် လုပ်နည်းလုပ်ဟန်များ ပိုမိုထိရောက်မှန်ကန်မြန်ဆန်စေရေးအတွက် ခေတ်မီနည်းပညာစက်ကိရိယာများ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ မိမိဌာနလုပ်ငန်းများသည် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့် ဆက်စပ်လျက်ရှိကြောင်း၊ နိုင်ငံခြားသားများ ဝင်/ထွက် သွားလာမှုနှင့် ထိန်းသိမ်းကြီးကြပ်ဆောင်ရွက်ရေးလုပ်ငန်းများ၊ နိုင်ငံအတွင်းရှိ နိုင်ငံသားများအားလုံး ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးရရှိရေးအတွက် ဆောင်ရွက်ထုတ်ပေးခြင်းလုပ်ငန်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် မူဝါဒများ ရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုမည့် လူဦးရေကိန်းဂဏန်းအချက်အလက်များ ရရှိရေးအတွက် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရသည့်အတွက် ဝန်ထမ်းများအားလုံးက ဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်ရန် လိုအပ်ပါကြောင်း၊ ခေတ်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာနှင့် ဘာသာစကား ကျွမ်းကျင်ပိုင်နိုင်ရန်လိုအပ်ပြီး ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံနှင့်ဌာနအပေါ် သစ္စာစောင့်သိကြပြီး အစဉ်အလာကောင်းများနှင့် ဖြစ်တည်လာခဲ့သည့် ဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့မှသည် အနာဂတ်ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုအားနှင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များသည် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း Video Clip ပြသမှုကို ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနမှ နိုင်ငံတော်အဆင့် ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်ရရှိကြသူများ၊ သင်တန်းအသီးသီးတွင် ထူးချွန်ဆုရရှိကြသူများ၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုများ၏ သားသမီးများကိုလည်းကောင်း၊ ဝန်ထမ်းမိသားစုဝင်များ၏ ကျောင်းသား/ ကျောင်းသူများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေများကို ကိုယ်စားလှယ်များထံသို့လည်းကောင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ဝန်ကြီးဌာန၏ပညာရေးဖောင်ဒေးရှင်းရန်ပုံငွေတည်ထောင်မှု မတည်ရန်ပုံငွေကျပ်သိန်း ၅၀ ကို ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ပေးအပ်လှူဒါန်းကြရာ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များကို ဝန်ထမ်းများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးများ ကြီးကြပ်ဆောင်ရွက်



**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန် ဦးဆောင်ကော်မတီ အဖွဲ့ဝင်၊ စည်ပင်သာယာရေး ဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ် အတွင်းရှိ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်သို့ သွားရောက်ပြီး ဇုန်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန် ဇုန်(၃)အတွင်း စိုက်ပျိုးမွေးမြူရေးခြံများ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် မှော်ဘီမြို့နယ်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညောင်နှစ်ပင် စိုက်ကွင်း အစည်းအဝေးခန်းမသို့ သွားရောက်၍ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်၊ ဇုန်အလိုက် အနီးကပ် ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဇုန်စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများကို ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ဇုန် (၁)၊ (၂)၊ (၃) တို့မှ တာဝန်ရှိသူများက ဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်နှင့် သယံဇာတရေးရာဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီး နေသွေးက ဇုန်လုံခြုံရေးကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ မြို့တော်ဝန်နှင့်ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားပြီး ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဇုန်တာဝန်ရှိသူများကို လုံခြုံရေးကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့တော်ဝန်၊ ဝန်ကြီးနှင့် အဖွဲ့သည် ဇုန်(၂) M–7 လမ်းတစ်လျှောက် စိုက်ပျိုးမွေးမြူရေးခြံများ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ အထူးဇုန် (၁) ဟင်းသီးဟင်းရွက် လက်ကားဈေး တည်ဆောက်မည့် မြေနေရာသို့ သွားရောက်၍ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ လက်ကားဈေး အဆောက်အအုံများနှင့် စိုက်ခင်းပြုလုပ်မည့် မြေနေရာများကိုလည်းကောင်း၊ လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ညောင်နှစ်ပင် အဝင်လမ်း လမ်းသားတို့ချဲ့၍ အပင်များအလင်းဖွင့်နေမှုနှင့် ဂျိုးဖြူပိုက်လိုင်းဖြတ် Box Culvert ကို အကျယ် ၂၆ ပေအထိ ရရှိအောင် တိုးချဲ့ပြုပြင် တည်ဆောက်နေမှုကိုလည်းကောင်း၊ ပြည်လမ်းမှ ညောင်နှစ်ပင်အဝင် ဆတ်သွားတောလမ်းဆုံတွင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ မူလ အကျယ် ၁၀ ပေ ကတ္တရာလမ်းကွန်ကရစ် ထပ်ပိုးလွှာခင်းကျင်းနေမှုနှင့် လမ်းဆုံတြိဂံကျွန်း ပြုပြင်တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇွန် ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၁၂၆၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၂၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၄၃၆၈ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

# ခရိုင် ခုနစ်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်တွင် စုပေါင်းစိုက်ပျိုး



**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး အတွင်း စိမ်းလန်းစိုပြည် သာယာလာစေရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုစေရန်၊ ပြည်သူလူထုများအကြား သစ်ပင်စိုက်ပျိုးရေး အသိပညာ တိုးတက်ပျံ့နှံ့စေရန်၊ သစ်တောသစ်ပင်များကို ချစ်ခင်တတ်လာစေရန် ရည်ရွယ်၍ ခရိုင်/မြို့နယ်များတွင် ၂၀၂၂ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို ယမန်နေ့ နံနက်က ကျင်းပသည်။

ထိုကဲ့သို့ မြို့နယ်အလိုက် စုပေါင်းသစ်ပင်များ စိုက်ပျိုးရာတွင် အမရပူရမြို့နယ် ဆောက်တောဝကျေးရွာ မိုင်တိုင်အမှတ် (၃/၄) မြစ်ငယ်-ထုံးဘိုလမ်းတွင် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကာ ပြည်သူများနှင့်အတူ သတ်မှတ်နေရာများတွင် အရိပ်ရပင်များ စိုက်ပျိုးပြီး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

အလားတူ တိုင်းဒေသကြီးအတွင်း ခရိုင်ခုနစ်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်တို့တွင်လည်း သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့နှင့် ပြည်သူလူထုများက မြို့အဝင်၊ အထွက်လမ်းဝဲ/ယာ သတ်မှတ်နေရာများတွင် အရိပ်ရပင်များနှင့် နှစ်ရှည်ပန်း အလှပင်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း စုပေါင်းစိုက်ပျိုးကြသည်။

တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များအားလုံး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို အင်အား ၁၂၀၀၀ ခန့်ဖြင့် စိန်ပန်း၊ တမာ၊ ငုရွှေဝါ၊ ချယ်ရီ၊ စိန်ပန်းပြာ၊ ပိတောက်၊ မယ်ဇယ်၊ တပြေဘူတာ၊ ငုစပ်၊ ယင်းမာ၊ စိန်ပန်းကြီး၊ ယူကလစ်၊ ကုက္ကိုနှင့် စိန်တံချူ စသည့် သစ်မျိုးပင် စုစုပေါင်း ၆၅၁၀ ကို စိုက်ပျိုးခဲ့ကြောင်းနှင့် စိုက်ပျိုးပြီး အပင်များ ရှင်သန်ရန်ပြုစု ထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၈၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့်အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့ စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၂၀ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၈၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသားများ မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၂၆၂ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၁၉**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၀ ခုနှစ် ဩဂုတ် ၁ ရက်နေ့မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့တွင် ၂၆၂ ဦး ဆက်လက်ဝင်ရောက်ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ ၁၀ မြို့နယ်အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်နှင့် မဲကနယ် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ၁၀ ရက်ကြာ အသွားအလာ ရက်ကန့်သတ်ထားရှိကာ ကိုဗစ်ရောဂါပိုး ရှိ မရှိ စစ်ဆေးပြီးမှ သက်ဆိုင်ရာ မြို့နယ်များသို့ ပို့ဆောင်ပေးခြင်း ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၈၉ ဦး၊ အမျိုးသမီး ၇၃ ဦး စုစုပေါင်း ၂၆၂ ဦးရှိကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**




## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# တို့ကမ္ဘာမြေရေရှည်တည်တံ့စေဖို့ သဘာဝပတ်ဝန်းကျင်ကို အချိန်မီထိန်းသိမ်းကြပါစို့

**အေးသီတာဝင်း**



**သစ်တောပြုန်းတီးမှု အဓိက အကြောင်းအရင်းများတွင် သစ်တောများကို စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲခြင်း၊ ထင်းမီးသွေး အလွန်အကျွံသုံးစွဲခြင်းနှင့် စီးပွားဖြစ် သစ်ထုတ်လုပ်မှုများ ပါဝင်သည်။ ထို့အပြင် လူဦးရေတိုးမြင့်လာခြင်း၊ အိမ်နီးချင်းနိုင်ငံများ၏ သယံဇာတလိုအပ်ချက်များ မြင့်မားလာခြင်း၊ နိုင်ငံတကာမှ သစ်တောထုတ်ကုန်များအပေါ် လိုအပ်ချက်မြင့်မားလာခြင်းနှင့် စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပတင်ပို့ခြင်းတို့မှာ သစ်တောပြုန်းတီးမှုကို အားပေးရာရောက်သော အကြောင်းအရာများတွင် ပါဝင်**

ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် အပူရှိန်မြင့်မားလာခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ထူးကဲသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လာခြင်းစသော သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်လျက်ရှိသော လူသားများ၊ ကုန်းနေ၊ ရေနေသတ္တဝါများ၊ သစ်ပင်များနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ သိပ္ပံပညာရှင်များက တစ်ခဲနက်ထောက်ပြ အသိပေးလျက်ရှိသည်။

နိုင်ငံတော်၏ ရည်ရွယ်ချက်ဖြစ်သော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒကို အကောင်အထည်ဖော်ရန်၊ နိုင်ငံတော်၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊ တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင် ဂေဟစနစ်များနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော တိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းတတ်ရန်နှင့် သဘာဝအပင်များနှင့် ယင်းတို့၏ မူလဒေသများကို ကာကွယ်ထိန်းသိမ်းတတ်ရန်တို့အတွက် ကျောင်းသင်ခန်းစာ၏ သင်ရိုးသာမကဘဲ ကျောင်းသားများအား ဖြည့်စွက်သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝ အခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ ရေရှည်တည်တံ့နေစေရန် ဦးရေအမျိုးအစားနှင့် အချိုးအစား မျှတစေရန်၊ မျိုးရိုးဗီဇရောယှက်ခြင်း မဖြစ်စေရန်နှင့် သတ္တဝါများကိုဖမ်းဆီးခြင်း၊ သုတ်သင်ခြင်း မပြုရန်တို့ကို ဆရာ ဆရာမများက အသိပညာပေးလျက်ရှိသည်။

### ထိန်းသိမ်းစောင့်ရှောက်သင့်

သဘာဝပတ်ဝန်းကျင်တွင် သက်ရှိများ၏ အပြုသဘောနှင့် အပျက်သဘော သက်ရောက်မှုများကို ဆန်းစစ်သည့် ဂေဟဗေဒသဘောအရ လူသားတို့၏ အသက်ရှင်နေထိုင်မှု ဘဝပေါ်တွင် အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်စေပါသဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို အနည်းဆုံးဖြစ်အောင်နှင့် သက်ရှိတို့၏ ရေရှည်တည်တံ့မှုရှိအောင် ထိန်းသိမ်းစောင့်ရှောက်သင့်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း ပြဿနာဖြစ်ပွားနိုင်သော နိုင်ငံများတွင် တစ်နိုင်ငံ အပါအဝင်ဖြစ်လာခဲ့ပါသည်။ထင်ရှားသည့် ရာသီဥတုပြောင်းလဲခြင်းနှစ်ချက်ရှိရာ ပထမအချက်သည် ကမ္ဘာ့အပူချိန်ပြောင်းလဲလာခြင်းကြောင့်ဖြစ်သည်။ ကမ္ဘာ့အပူချိန်များလာရခြင်းသည် ကမ္ဘာပေါ်ရှိလူတို့၏ ပြုမူနေထိုင် လုပ်ဆောင်ချက်များကြောင့် ကမ္ဘာ့အပူချိန်ကို တိုးစေသည့် ဓာတ်ငွေ့များ ကမ္ဘာ့လေထုထဲသို့ အများအပြားရောက်နေခြင်းကြောင့် ဖြစ်သည်။ ဒုတိယအချက်သည် လေထဲသို့ သဘာဝအလျောက်ရောက်နေသည့် ကာဗွန်ဒိုင်အောက်ဆိုက်များကို လေထဲမှ သဘာဝအလျောက် ပျောက်ကွယ်သွားအောင် စုပ်ယူထိန်းသိမ်းပေးနိုင်သည့် သစ်တောကြီးများ တဖြည်းဖြည်း ပြုန်းတီးသွားခြင်းကြောင့်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်သည် ကမ္ဘာဦးတည်စကအစပြု၍ နေရာဒေသအလိုက်၊ အပူချိန်အမျိုးမျိုး၊ နေရောင်ခြည်ရရှိမှု အမျိုးမျိုး၊ ရေထု၊ လေထုများထဲတွင် ပါဝင်ဖွဲ့စည်းမှုအမျိုးမျိုးရှိခဲ့ရာ လူသားတို့ သည်လည်း ထိုသဘာဝပတ်ဝန်းကျင်များနှင့် လိုက်လျောညီထွေအောင် ညှိနှိုင်းပြီး အသက်ရှင်နေထိုင်ခဲ့ကြခြင်းဖြစ်သည်။ လူသားတို့သည် မိမိတို့အတွက် ဘေးကင်းစိတ်ချရေးနှင့် လုံခြုံရေးအတွက် မည်ကဲ့သို့ နေထိုင်ရမည်ဆိုသည်ကို ရှာဖွေခဲ့ကြသည်။

မိမိနှင့်လိုက်လျောညီထွေပြီး နေသားတကျရှိနေသော သဘာဝပတ်ဝန်းကျင်သည် ထိခိုက်ပျက်စီးပြောင်းလဲသွားခဲ့လျှင် လူသားတို့အပေါ် အကျိုးသက်ရောက်မှုများ မုချဖြစ်ပေါ်မှာဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ပုံမှန်အတိုင်း ထိန်းသိမ်းတည်ငြိမ်စွာရှိနေခြင်းက လူသားများ၊ တောရိုင်းတိရစ္ဆာန်များ၊ သတ္တဝါများနှင့် ရှားပါးအပင်များ ရှင်သန်နေထိုင်ရေးအတွက် လွန်စွာအရေးပါသည်။

### ဂေဟစနစ်များစွာရှိ

မြန်မာနိုင်ငံသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ စိုက်ပျိုးမြေများ၊ သစ်တောများမှအစ ရေခဲဖုံးလွှမ်းနေသော တောင်တန်းများအထိ သဘာဝဂေဟစနစ်အမျိုးမျိုးကို ပိုင်ဆိုင်သော အလွန်လှပသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် အပင်အမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး၊ ရေသတ္တဝါအမျိုးမျိုးတို့ ရှင်သန်ကျက်စားရာနေရာဖြစ်ပြီး အချို့မှာ မြန်မာနိုင်ငံအတွင်းတွင်သာ တွေ့ရသော သဘာဝကျက်စားရာနေရာများဖြစ်သည်။ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ် (Critically Endangered Species) ၃၇ ခု နှင့် မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ် (Endangered Species) ၆၅ ခုအပါအဝင် ကမ္ဘာတွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး မျိုးစိတ် ၂၃၃ ခုကို မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသည်။ World Wildlife Fund မှ သတ်မှတ်ချက်အရ မြန်မာနိုင်ငံတွင် ကုန်းတွင်းသဘာဝဂေဟဒေသကြီး ၁၄ ခု အပါအဝင် အပင်များနှင့် တိရစ္ဆာန်မျိုးစိတ်များ ရှင်သန်ကျက်စားရာ ဂေဟစနစ်များစွာရှိသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် သစ်တောထူထပ်မှု အများဆုံးနိုင်ငံဖြစ်သော်လည်း ယခုအခါ သစ်တောဖုံးလွှမ်းမှုဧရိယာမှာ လျင်မြန်စွာ လျော့ကျလာလျက်ရှိသည်။ သစ်တောများ လျင်မြန်စွာ ပြုန်းတီးလာမှုမှာ အရေးကြီးသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ယခုနှုန်းအတိုင်း သစ်တောများ ဆက်လက်ပြုန်းတီးလာမည်ဆိုပါက မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ အရင်းအမြစ်များ လျင်မြန်စွာ ပျက်စီးပြုန်းတီးမည့် အခြေအနေတစ်ရပ် ဖြစ်လာနိုင်သည်။

သစ်တောပြုန်းတီးမှု အဓိက အကြောင်းအရင်းများတွင် သစ်တောများကို စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲခြင်း၊ ထင်းမီးသွေး အလွန်အကျွံသုံးစွဲခြင်းနှင့် စီးပွားဖြစ် သစ်ထုတ်လုပ်မှုများပါဝင်သည်။ ထို့အပြင် လူဦးရေတိုးမြင့်လာခြင်း၊ အိမ်နီးချင်းနိုင်ငံများ၏ သယံဇာတလိုအပ်ချက်များ မြင့်မားလာခြင်း၊ နိုင်ငံတကာမှ သစ်တောထုတ်ကုန်များအပေါ် လိုအပ်ချက်မြင့်မားလာခြင်းနှင့် စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပတင်ပို့ခြင်းတို့မှာ သစ်တောပြုန်းတီးမှုကို အားပေးရာရောက်သော အကြောင်းအရာများတွင် ပါဝင်သည်။

ပြည်တွင်းပြည်ပဈေးကွက်အတွက် မြန်မာနိုင်ငံတွင် သဘာဝတောရိုင်းတိရစ္ဆာန်များအား တရားမဝင်အမဲလိုက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအတွင်း တောရိုင်းတိရစ္ဆာန်များမှ ထုတ်လုပ်သောပစ္စည်းများကို တရားမဝင်ရောင်းဝယ်ခြင်း အများဆုံးဖြစ်ပေါ်လျက်ရှိသော အဓိကနိုင်ငံများတွင် ပါဝင်နေသည်။ ထိုသို့ တရားမဝင် ရောင်းဝယ်ခြင်းများတွင် သဘာဝမူရင်းမျိုးစိတ်အများအပြား ပါဝင်ပြီး ၎င်းတို့မှာ တရားမဝင် ဖမ်းဆီးအသုံးပြုခြင်းကြောင့် မျိုးသုဉ်းပျောက်ကွယ်မည့် အလားအလာများလျက်ရှိသည်။

### ဂေဟစနစ် ခြိမ်းခြောက်လျက်ရှိ

ထို့အပြင် ပြင်ပမှဝင်ရောက်လာသော မျိုးစိတ်များ၏ အန္တရာယ်များ၊ သတ္တုတူးဖော်ခြင်းကြောင့်ဖြစ်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုများ၊ မြစ်ရေစီးကြောင်း ပြောင်းလဲမှုများနှင့် ငါး အလွန်အကျွံဖမ်းဆီးမှုများ၏ အန္တရာယ်များမှာ မြစ်၊ ချောင်း၊ အင်း၊ အိုင် ဂေဟစနစ်များကို ခြိမ်းခြောက်လျက်ရှိသည့်အပြင် ဆည်တည်ဆောက်မှုများကြောင့် ရေနေသဘာဝမျိုးစိတ်များနှင့် ဂေဟစနစ်များမှာ ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ခြုံငုံသုံးသပ်ရမည်ဆိုပါလျှင် စီးပွားရေးတိုးတက်မှုနှုန်းနှင့်အတူ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများအပေါ်တွင် ဖိအားအကျပ်အတည်း သက်ရောက်မှုများရှိသည်။

နိုင်ငံတိုးတက်ပွင့်လင်းလာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ ပိုမိုချဲ့ထွင်လာပြီး ရွေးချယ်ခွင့်များ ပိုများလာကာ စားသုံးမှုပုံစံမှာလည်း ပိုမိုတိုးတက်လာသည်။ အကယ်၍ စနစ်တကျစီမံခန့်ခွဲမှု မပြုနိုင်ပါက သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်သည်။

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းရန်မှာ မည်သူ့တာဝန်ဖြစ်သနည်းဟူသော အမေးစကားအား ဖြေကြားရလျှင် လူသားတစ်ဦးချင်းစီ တစ်ယောက်ချင်းစီတိုင်း၏ တာဝန်ပင်ဖြစ်သည်။ လူသားများသည် သဘာဝပတ်ဝန်းကျင်အား မည်သည့်အတွက် ထိန်းသိမ်းစောင့်ရှောက်သင့်ပါသနည်း။ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအားလုံးမှာ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများအား တာဝန်သိသိဖြင့် ထိန်းသိမ်းစီမံခန့်ခွဲမှုများပေါ်တွင် အလုံးစုံမူတည်နေပေသည်။

ကမ္ဘာအနှံ့တွင် လူသားများသည် ကမ္ဘာမြေ ရေရှည်တည်တံ့မှုအတွက် ထိန်းသိမ်းသင့်သော သဘာဝအရင်းအမြစ်များထက် ပိုမိုသုံးစွဲလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာမြေ၏ ဂေဟစနစ်များစွာတို့မှာ လူဦးရေတိုးတက်လာမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့ကြောင့် ပျက်စီးပြုန်းတီးကာ ပြန်လည်ထိန်းသိမ်း၍မရနိုင်သည့် အခြေအနေနီးပါး ရောက်ရှိနေပြီဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

**အထူးအလေးထားဆောင်ရွက်**

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အခြေအနေမှာ အဆုံးစွန်ထိ ပျက်စီးခြင်း မဖြစ်သေးသော်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအလေးထားဆောင်ရွက်ခြင်း မရှိပါက အန္တရာယ်ရှိသော အခြေအနေသို့ အလွယ်တကူ ရောက်ရှိသွားနိုင်သည်။ တစ်ကမ္ဘာလုံး၏ သုံးစွဲမှု၊ ထုတ်လုပ်မှုပုံစံများ မပြောင်းလဲဘဲ လက်ရှိအခြေအနေအတိုင်း ဆက်လက်၍ သုံးစွဲထုတ်လုပ်ကြမည်ဆိုပါလျှင် ၂၀၅၀ ပြည့်နှစ်တွင် ခန့်မှန်းထားသော ကမ္ဘာ့လူဦးရေ သန်း ၉၆၀၀ ၏ ယခုလက်ရှိနှုန်းအတိုင်း သုံးစွဲမှုများကို ဖြည့်ဆည်းရန် ကမ္ဘာမြေတစ်ခုတည်းဖြင့် မလုံလောက်နိုင်ဘဲ ကမ္ဘာမြေသုံးခုအထိပင် လိုအပ်ပါလိမ့်မည်။

ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ သဘာဝနယ်မြေများအား သတ်မှတ်တည်ထောင်လျက်ရှိသည်။ ပထမဆုံး သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် တောင်ကြီးငှက်ဘေးမဲ့တောအား ၁၉၂၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သည်။ ၁၉၈၀ အစောပိုင်းနှစ်များတွင် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်များစီမံကိန်း (Nature Conservation National Park Project – NCNPP) ကို စတင်ခဲ့ပြီး ခေတ်သစ်ထိန်းသိမ်းကာကွယ်ရေးကို စတင်ခဲ့သည်။ သစ်တောဦးစီးဌာနအောက်တွင် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနအား ဖွဲ့စည်းပြီး သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုနှင့် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းခြင်းကို တာဝန်ယူဆောင်ရွက်စေခဲ့သည်။

မြန်မာနိုင်ငံ၏ သဘာဝထိန်းသိမ်းရေးနယ်မြေများသည် မြောက်ဘက်ပိုင်း၊ အလယ်ပိုင်းသစ်တောများမှတောင်ဘက်ပိုင်း ဒီရေတောနှင့် အပူပိုင်းမိုးသစ်တောများအထိ ကိုယ်စားပြုသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေ ၃၉ ခုအနက် ခုနစ်ခုမှာ အာဆီယံအမွေအနှစ်ဥယျာဉ်စာရင်းတွင် ပါဝင်ပြီး နိုင်ငံအလိုက် အရေအတွက်အားဖြင့် အများဆုံးဖြစ်သည်။ အာဆီယံအမွေအနှစ်ဥယျာဉ်များအဖြစ် သတ်မှတ်ခံထားရသော သဘာဝထိန်းသိမ်းရေးနယ်မြေများမှာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ မိန်းမလှတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်တို့ဖြစ်သည်။

သက်ရှိများကို သဘာဝအလျောက် ကာကွယ်ပေးနေသည့် သဘာဝဂေဟစနစ် ပျက်စီးယိုယွင်းမှုကြောင့် ကျန်းမာရေးကို ထိခိုက်နိုင်သော ရောဂါများ ဖြစ်ပွားကူးစက်ပြန့်ပွားနိုင်သည့် အခြေအနေများကို ဖန်တီးဖြစ်ပေါ်စေနိုင်သည်။ ၂၀၂၀ ပြည့်နှစ်သည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအပါအဝင် ဘေးအန္တရာယ်များစွာကို ရင်ဆိုင်ခဲ့ရသည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ ယခုအချိန်ကာလအထိ ကိုဗစ်-၁၉ ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေမှုနှင့်အတူ တစ်စထက်တစ်စ ယိုယွင်းပျက်စီးလာသည့် သဘာဝသယံဇာတ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အဓိကကျသည့် သဘာဝဂေဟစနစ် ပြန်လည်ထိန်းသိမ်းခြင်းကို မိမိတို့အားလုံး အဓိကဦးစားပေးအရေးကြီးလုပ်ငန်းအနေဖြင့် အထူးအလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်နေပြီဖြစ်သည်။

ယနေ့ ကြုံတွေ့နေရသည့် သစ်တောပြုန်းတီးခြင်း၊ တောရိုင်းတိရစ္ဆာန်တို့၏ နေရင်းဒေသများကို ကျူးကျော်ခြင်းနှင့် တရားမဝင်ရောင်းဝယ်ခြင်း၊ စနစ်တကျစီမံမှုမရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ အလွန်အကျွံချဲ့ထွင်ခြင်းနှင့် ကာဗွန်ထုတ်လုပ်မှုများပြားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြောင့် ရာသီဥတုပြောင်းလဲမှုကို လျင်မြန်စေခြင်းတို့သည် လူသားတို့၏ ဆောင်ရွက်မှုများကြောင့်ဖြစ်ပြီး သဘာဝ၏ ဟန်ချက်ညီမှုကို ပြိုကွဲပျက်စီးစေသည်။

ယနေ့ တိုးတက်လာသော ခေတ်ကြီးတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာလေထုနှင့် ရေထုမှာလည်း ညစ်ညမ်းစေမှုကို ဦးတည်လာနေပြီဖြစ်သည်။ အသေးစား စက်မှုလုပ်ငန်းများသည် အဆိပ်သင့်ရေဆိုးများကို မြစ်၊ ချောင်းများထဲသို့ အလွယ်တကူ စွန့်ထုတ်ကြခြင်းကြောင့် ငါးများနှင့် ရေနေသတ္တဝါများကို သေစေပြီး သောက်သုံးရေများကို ညစ်ညမ်းစေခြင်းသည် သဘာဝပတ်ဝန်းကျင်အပေါ်တွင် ကြီးမားသော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေလျက်ရှိသည်။ တစ်ချိန်တည်းတွင် စက်မှုဇုန်များမှ ဓာတုစွန့်ပစ်ပစ္စည်းများ စွန့်ထုတ်ခြင်းကြောင့် အနီးအနားပတ်ဝန်း ကျင်များတွင် နေထိုင်သော သက်ရှိများ၏ ကျန်းမာရေးနှင့် အသက်ရှင်နေထိုင်မှုကို ဆိုးရွားစွာ အန္တရာယ် ဖြစ်နိုင်ပါသည်။

**ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေ**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် စက်ရုံများမှ ထုတ်လွှတ်သော ပလတ်စတစ်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများစွန့်ပစ်ခြင်း၊ ရေဆိုး၊ ရေညစ်များစွန့်ပစ်ခြင်း၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများ၊ ပင်လယ်ထဲသို့ အမှိုက်စုပုံပစ်ခြင်းတို့ကြောင့် ရေထုကို ညစ်ညမ်းစေပါသည်။ ထို့ပြင် မြေမှထုတ်ယူရရှိသော လောင်စာများ လောင်ကျွမ်းရာမှ ပင်လယ်ထဲသို့ စီးဝင်ခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲပက်ဖျန်းခြင်း၊ ရေစီးနှင့်အတူ ဓာတုပစ္စည်းများ ရေထဲသို့ စီးဆင်းခြင်း၊ ရေပုပ်ရေဆိုးများ ပိုက်လိုင်းများမှ ယိုထွက်ခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ ရေနေသတ္တဝါများ သေဆုံးခြင်း၊ ကုန်းနေသတ္တဝါများမှ အညစ်အကြေးပေါင်းစုံ စွန့်ပစ်ခြင်းများကြောင့် ရေထုညစ်ညမ်းခြင်းများ ဖြစ်ပေါ်စေသကဲ့သို့ မြေအောက်မှ ရေနံတူးဖော်ခြင်း၊ ကျောက်မီးသွေးတူးဖော်ခြင်းတို့မှ ဘေးထွက်ပစ္စည်းများ မတော်တဆ ယိုစိမ့်ထွက်ခြင်းစသည့် အကြောင်းများကြောင့် ရေထုညစ်ညမ်းမှုတို့ဖြစ်ပေါ်စေသည်။

ကမ္ဘာမြေကြီးကို လေထုဖြင့် လွှမ်းခြုံထားပြီး ထိုလေထု၏ အောက်ခြေအလွှာအတွင်းတွင် ဓာတ်ငွေ့များနှင့် မြူမှုန်၊ ဒြပ်မှုန်တို့ ပျံ့လွင့်လျက်ရှိသည်။ အချို့ကို သာမန်မျက်စိဖြင့် မြင်နိုင်သော်လည်း အချို့မှာ အလွန်သေးငယ်သောကြောင့် မြင်နိုင်စွမ်းမရှိပါ။ ထိုမြူမှုန်၊ ဒြပ်မှုန်တို့ လေထုထဲသို့ရောက်ရှိလာရခြင်းအကြောင်းအရင်းမှာ သဘာဝအလျောက်ဖြစ်ပေါ်ခြင်းနှင့် လူသားတို့၏ လုပ်ဆောင်မှုကြောင့်ဟူ၍ နှစ်မျိုး ခွဲခြားနိုင်သည်။

သဘာဝအလျောက် ဖြစ်ပေါ်လာနိုင်သော လေထုညစ်ညမ်းခြင်းများမှာ မီးတောင်ပေါက်ကွဲမှု၊ တောမီးလောင်ကျွမ်းမှုတို့မှ ချော်မှုန်၊ ပြာမှုန်များ လေထုအတွင်းသို့ ရောက်ရှိလာရခြင်းကြောင့်ဖြစ်သည်။

လူသားတို့၏လုပ်ဆောင်မှုကြောင့် လေထုညစ်ညမ်းမှုဖြစ်ရခြင်း အကြောင်းအချက်တို့မှာ ရုပ်ကြွင်းလောင်စာများဖြစ်သော ကျောက်မီးသွေး၊ ရေနံနှင့် ထင်းမီးသွေး အသုံးပြုခြင်းများအပြင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရန်အတွက် သစ်တောများခုတ်ထွင်ရှင်းလင်း၍ မီးရှို့ရာမှ ထွက်ပေါ်လာသော ဓာတ်ငွေ့များနှင့် ပြာများ၊ ကျောက်မီးသွေးမှုန့်များ၊ ကျပ်ခိုးများထဲတွင် မှော်ပါပျံ့လွင့်ခြင်းတို့ကြောင့်ဖြစ်သည်။ ကျောက်မီးသွေးနှင့် လောင်စာများဖြစ်သော ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ကို လျှပ်စစ်ဓာတ်အားပေးစက်၊ စက်မှုကုန်ထုတ်စက်ရုံများ ပို့ဆောင်ရေးယာဉ်တို့တွင် အသုံးပြုရာမှ ထွက်ပေါ်လာသည့် $SO_2$ နှင့် NOH ဓာတ်ငွေ့များအပြင် မီးခိုးကျပ်ခိုးနှင့် ဒြပ်မှုန်တို့သည်လည်း လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး အက်စစ်ဖြစ်ထွန်းခြင်းများ ဖြစ်ပေါ်စေသည်။

အက်စစ်ဖြစ်ထွန်းမှုကြောင့် သက်ရှိသတ္တဝါများနှင့် သက်မဲ့ရုပ်ဝတ္ထုများကို ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။ မြစ်ချောင်း၊ အင်းအိုင်များတွင် အက်စစ်ဖြစ်ထွန်းမှုများပြားလာပါက မှီတင်းနေထိုင်သော ရေနေသတ္တဝါများအား ထိခိုက်ပျက်စီးစေသည်။ ငါးတို့သည် ငါးသားဥ သားဖောက်ခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိတော့ချေ။ ထို့အပြင် ငါးတို့၏ အစာဖြစ်သော ပိုးမွှားကောင်များ သေကျေပျက်စီးကြသဖြင့် အစာအာဟာရ ရှားပါးမှုကြုံတွေ့ရသည်။ မြေဆီလွှာ တိုက်စားမှုမှ ပါဝင်လာသော သတ္တုများကြောင့် ငါးများ၏ ပါးဟက်များ ပျက်စီးမှုများဖြစ်ပေါ်ကာ အသက်ရှူရန် အခက်အခဲဖြစ်ပြီး သေဆုံးကြရသည်။

သစ်ပင်သစ်တောများသည် လေထဲတွင် မျောပါလာသည့် အက်စစ်ဖြစ်ထွန်းစေသော မြူမှုန်၊ ဒြပ်မှုန်များကျရောက်သဖြင့် ဇရာယာကျယ်ပြန့်စွာ တဖြည်းဖြည်း ခြောက်သွေ့သေဆုံးသည်ကို တွေ့မြင်ရသည်။ မြေဆီလွှာတွင်ရှိသော မြေဩဇာများကို အက်စစ်များမှချေဖျက်သဖြင့် သစ်ပင်များ အာဟာရခေါင်းပါးမှုကို ကြုံတွေ့နိုင်သည်။ ထိုအခါ သစ်ပင်မှ သစ်ရွက်များ တဖြည်းဖြည်း ကျဲပါးလာသည်။ ထို့နောက် သစ်ပင်၏ ပင်စည်များတွင် ကပ်ပါးမှိုများကျရောက်၍ သစ်တော၊ သစ်ပင်များကို ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေသည်။

**အသိပေးနှိုးဆော်**

သဘာဝပတ်ဝန်းကျင် တည်ငြိမ်မှုမရှိခြင်း (Environmental Instability) သည် ပြည်သူ့ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာတော့မည်ကို နိမိတ်ပြနေခြင်းပင်ဖြစ်ကြောင်း သိရှိနားလည်သဘောပေါက်လာကြသည့်အတွက် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး ပြုလုပ်ကြရန် နှိုးဆော်တိုက်တွန်းမှုများ ပြုလုပ်ကြဖို့ ဆုံးဖြတ်ခဲ့ကြသည်။ ကမ္ဘာမြေကြီး၏ အရေးကြီးပုံကို သတိပြုမိသိရှိစေလိုသောကြောင့် နှစ်စဉ် ဧပြီလ ၂၂ ရက်နေ့ကို ကမ္ဘာမြေကြီးနေ့ (Earth Day) အဖြစ် သတ်မှတ်ခဲ့ကြသည်။ နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဟူ၍ သတ်မှတ်ခဲ့ကြသည်။ ထိုသို့ သတ်မှတ်ခြင်းသည် ကမ္ဘာပေါ်ရှိ လူသားတိုင်း သဘာဝပတ်ဝန်းကျင်ကို မပျက်စီးအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြဖို့ တာဝန်ရှိကြောင်းကို နှစ်စဉ် အသိပေးနှိုးဆော်ပေးနေခြင်းဖြစ်သည်။

ယနေ့ခေတ်သည် ပြောင်းလဲတိုးတက်မှုများ မြင့်မားလာသော ခေတ်ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုများ၊ ညစ်ညမ်းမှုများ ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာရခြင်းသည် အပင်များဆုံးရှုံးရခြင်း၏ အကြောင်းတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝအပင်များနှင့် သယံဇာတပစ္စည်းများ စီးပွားရေးနှင့် စက်မှုအသုံးဝင်အပင်များ၊ ဆေးဖက်ဝင်သော အပင်များကို စနစ်တကျလေ့လာပြုပြင်ထိန်းသိမ်းရန်နှင့် တိုးချဲ့စိုက်ပျိုးရန် အထူးလိုအပ်လှသည်။ တောင်ပေါ်မြေပြန့်မတူညီသော နယ်စပ်ဒေသတိုင်းရင်းသား ပြည်သူတို့အား အပင်စိုက်ပျိုးရာတွင် နည်းစနစ်ကျစေရန်နှင့် ဓာတုဆေးများ၊ ပိုးသတ်ဆေးများနှင့် မြေဩဇာများအလွန်အကျွံ အသုံးပြုမှုသည် စားသုံးသူများ၊ ကျန်းမာရေးထိခိုက်စေနိုင်ပြီး မြေဆီလွှာကို လျင်မြန်စွာ ပျက်စီးစေနိုင်ကြောင်းကို အသိပညာပေးရမည်။ ဇီဝမြေဩဇာများကို အစားထိုးသုံးစွဲ တတ်စေရန်နှင့် အော်ဂဲနစ်အပင်များ စိုက်ပျိုးတတ်စေရန်၊ လူတို့ကြောင့်နှင့် သဘာဝတရားများကြောင့်ဖြစ်သော အပင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ခွဲခြမ်းစိတ်ဖြာဖော်ထုတ်၍ မည်ကဲ့သို့ တားဆီးလျှော့ချနိုင်မည်ကို စဉ်းစားတွေးခေါ် လုပ်ဆောင်နိုင်စွမ်းများ ရရှိနိုင်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို လေ့လာဆည်းပူး၍ တန်ဖိုးထားတတ်စေရန် ကျောင်းသင်ခန်းစာများတွင် ထည့်သွင်း၍ အသိပညာများ ဖြန့်ဝေပေးလျက်ရှိသည်။

ကမ္ဘာမြေဆက်လက်ရှင်သန်နိုင်ရန် ကာကွယ်စောင့်ရှောက်မှုပြုလုပ်ရမည်ဖြစ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း) ဇီဝဗေဒဌာနများရှိ ဆရာ ဆရာမများက သတ္တဗေဒဘာသာရပ် (Zoology) နှင့် ရုက္ခဗေဒဘာသာရပ် (Botany) တို့ကို သင်ကြားပေးခြင်းဖြင့် အသိပညာများ ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေသော သစ်ပင်၊ သစ်တောများ၊ တိရစ္ဆာန်ဇီဝမျိုးစုံမျိုးကွဲများ၏ အကျိုးကျေးဇူးများကို ကောင်းစွာနားလည်သဘောပေါက်၍ သစ်ပင်များမရှိတော့သည့်နေရာများတွင် သစ်တောများ ပြန်လည်ဖြစ်ပေါ်လာရန် ဒေသခံပြည်သူများနှင့် နိုင်ငံသူနိုင်ငံသားအားလုံး ပူးပေါင်းပြီး ပြည်သူများ၏ အသိဉာဏ်ပညာ ဖွံ့ဖြိုးလာစေရေးအတွက် သစ်တောထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။




အပြင်ထွက်တိုင်းပါးစပ်နှင့်
နှာခေါင်းစည်း(mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ နေပါ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပခုက္ကူ | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၅၀ | ၂၇၇၅ |
| 95 Ron | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၄၅ | ၂၃၈၅ | ၂၄၀၅ | ၂၃၉၀ | ၂၃၇၀ | ၂၄၆၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၆၄၀ | ၂၈၂၅ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၅၅ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၂၅ | ၂၇၃၅ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၅ | ၂၉၉၅ | ၂၉၆၅ |
| HSD (50 ppm) | ၂၇၂၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၀ | ၂၇၅၀ | ၂၈၆၅ | ၂၈၆၀ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၂၀ | ၂၉၉၅ |
| HSD (10 ppm) | ၂၇၂၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၀ | ၂၇၅၀ | ၂၈၆၅ | ၂၈၆၀ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၂၀ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၃ | ၂၂၁၉ |
| 95 Ron | ၂၂၃၀ | ၂၃၀၈ |
| HSD (500 ppm) | ၂၅၇၁ | ၂၆၅၂ |
| HSD (50 ppm) | ၂၅၉၉ | ၂၆၈၀ |
| HSD (10 ppm) | ၂၅၉၉ | ၂၆၈၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မွန်ပြည်နယ် ဝန်ကြီးချုပ် သူနာပြုဦးဆောင်းနှင့် ကုတ်အင်္ကျီ အပ်နှင်းပွဲတက်ရောက်

မော်လမြိုင် ဇွန် ၁၉

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ဇွန် ၁၇ ရက်က သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည့် အပတ်စဉ် (၄၆) သူနာပြု ဒီပလိုမာ သင်တန်းသား သင်တန်းသူများ၏ ဦးဆောင်းနှင့် ကုတ်အင်္ကျီ အပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မား လာစေရေးအတွက်လည်း စီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ရေးအတွက် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုဆိုင်ရာ အရည်အသွေးများ တိုးတက်ကောင်းမွန်ရန် လိုအပ်သည့်အတွက် ချမှတ်ထားသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် သင်တန်းများ ဖွင့်လှစ်၍ သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြမည့် သင်တန်းဆင်း သူနာပြုများအနေဖြင့် မိမိတို့ရဲ့တာဝန်နှင့် ကျင့်ဝတ်များကို လေးစားလိုက်နာကြရန် ပြောကြားသည်။

ထို့နောက် မော်လမြိုင် သူနာပြု သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ညွန့်ညွန့်ဟန်က သင်တန်းတက်ရောက်သူများ လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူးနှင့် သူနာပြုအုပ်များက သင်တန်းသားသင်တန်းသူ ၄၄ ဦးအား သူနာပြုအမှတ်အသားဖြစ်သည့် ဦးဆောင်းနှင့် ကုတ်အင်္ကျီများကို ချီးမြှင့်အပ်နှင်းကြပြီး ထူးချွန်ဆုရရှိသူများနှင့် အားကစားပစ္စည်းများအား ပြည်နယ်ဝန်ကြီးချုပ် **(အပေါ်ပုံ)**နှင့် ဝန်ကြီးများက ဆုများ ချီးမြှင့်ခဲ့ကြသည်။

**ခင်စန်းမြင့်**

**(ပြန်/ဆက်)**

## တိုက်စစ်ကစားသမား အင်ခီတီယာကို သက်တမ်းတိုးစာချုပ် အာဆင်နယ် ချုပ်ဆို

တိုက်စစ်ကစားသမား အင်ခီတီယာသည် အာဆင်နယ်အသင်း နှင့် ငါးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ယခုလကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သော အသက် ၂၃ နှစ်အရွယ် အဆိုပါ တိုက်စစ်ကစားသမားသည် ၂၀၁၇ ခုနှစ်တွင် အာဆင်နယ် ပထမအသင်းနှင့် ပွဲဦးထွက်ကစား ပြီးနောက် အသင်းအတွက် ၉၂ ပွဲ ပါဝင်ကစားထားရာ ၂၃ ဂိုး သွင်းယူပေးထားနိုင်သည်။

၎င်းသည် ယမန်နှစ်က အာဆင်နယ်အသင်း နောက်ဆုံးကစားခဲ့သည့် လိဂ်ရှစ်ပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိပြီး ခြေစွမ်းပြသထားနိုင်ကာ သွင်းဂိုး ငါးဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။ ၎င်းသည် လာမည့်ဘောလုံးရာသီတွင် အာဆင်နယ်အသင်း၌ နံပါတ် ၁၄ ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အခြားသတင်းရင်းမြစ် တစ်ခုတွင် အာဆင်နယ်အသင်းသည် ပေါ်တိုကွင်းလယ်ကစားသမား ဖေဘီယိုဗီရဲရားကို ပေါင် ၃၄ ဒသမ ၂ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် အဆိုပါ ကွင်းလယ်ကစားသမားကို ခေါ်ယူရာတွင် ကနဦးပြောင်းရွှေ့ကြေး ပေါင် ၂၉ ဒသမ ၉ သန်းသာ ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**




● *ကျော့ဖုံးမှ*

မြန်မာ ယူ-၁၉ အသင်းသည် ယှဉ်ပြိုင်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြည်တွင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲ ငါးပွဲ ကစားထားသည်။ **ရဲရင့်လွင်**

❍ *ကျော့ဖုံးမှ*

ယခုနှစ်တွင်မူ အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန် ဇုန်နှစ်ခုစလုံး ကျင်းပသွားမည် ဖြစ်သည်။ ယှဉ်ပြိုင်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အရှေ့အာရှဇုန်တွင် သုံးသင်း၊ အနောက် အာရှဇုန်တွင် လေးသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇုန်တစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီမှာ နောက်ဆုံးအဆင့် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာကလပ်အသင်းသည် အရှေ့အာရှဇုန်တွင် ပါဝင်နေပြီး မြန်မာ၊ ထိုင်း၊ တရုတ် (တိုင်ပေ) တို့မှ ကလပ်အသင်း တစ်သင်းစီ ယှဉ်ပြိုင်မည်ဖြစ်ကာ အနောက်အာရှဇုန်တွင်မူ အိန္ဒိယ၊ အီရန်၊ ဂျော်ဒန်၊ ဥဇဘက်ကစ္စတန်တို့မှ ကလပ်အသင်း တစ်သင်းစီ ယှဉ်ပြိုင်မည်ဖြစ်သည်။

ဇုန်အလိုက် ပွဲစဉ်များကို ဩဂုတ်လအတွင်း ကျင်းပမည်ဖြစ်ပြီး အရှေ့အာရှဇုန်ကို ထိုင်းနိုင်ငံ၊ အနောက်အာရှဇုန်ကို ဥဇဘက်ကစ္စတန် နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်**

# ဗြိတိန်တွင် ငွေကြေးဖောင်းပွမှုမြင့်တက်လာသောကြောင့် လုပ်ခလစာတိုးမြှင့်ပေးရန် အလုပ်သမားများ တောင်းဆို

လန်ဒန် ဇွန် ၁၉

**ဗြိတိန်နိုင်ငံ၌ သမိုင်းဝင် ငွေကြေးဖောင်းပွမှု မြင့်တက်လာသောကြောင့် ထောင်ပေါင်းများစွာသော အလုပ်သမားများသည် လုပ်ခလစာတိုးမြှင့်ပေးရေး တောင်းဆိုရန်အတွက် လန်ဒန်၌ စုရုံးမှုများ ဖြစ်ပွားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။**

အလုပ်သမားသမဂ္ဂသည် ဇွန် ၁၈ ရက်တွင် ချီတက်ဆန္ဒပြခဲ့ကြောင်း၊ ဗြိတိန်၌ စားသုံးသူဈေးနှုန်း အညွှန်းကိန်းသည် ၂၀၂၂ ခုနှစ် ဧပြီလအထိ ၁၂ လအတွင်း ၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ အဆိုပါ မြင့်တက်မှုသည် နှစ်ပေါင်း ၄၀ ခန့်အတွင်း အမြင့်မားဆုံး မြင့်တက်မှုဖြစ်ကြောင်း သိရသည်။

လောင်စာဆီ၊ စားသောက်ကုန်ဈေးနှုန်းများနှင့် နေထိုင်ရေးစရိတ်များ သိသိသာသာ မြင့်တက်လာသော်လည်း လုပ်ခလစာများကို တိုးပေးခြင်း မရှိကြောင်း ဆန္ဒပြသူများက ပြောသည်။ အဆိုပါ ဆန္ဒပြသူများသည် သင့်လျော်သော လုပ်ခလစာတိုးပေးရန် တောင်းဆိုခြင်းဖြစ်ကြောင်း သိရသည်။ အချို့သော ဆန္ဒပြသူများသည် ငွေကြေးဖောင်းပွမှုကို မဖြေရှင်းနိုင်ပါက ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကို ရာထူးမှ ဆင်းပေးဖို့ တောင်းဆိုကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဗြိတိန်နိုင်ငံ၌ လုပ်ခလစာတိုးမြှင့်ရရှိရေးအတွက် ဆန္ဒပြတောင်းဆိုနေသူများကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားနိုင်ငံ၌ ဖနောင်ပင်နိုင်ငံတကာ တစ်ဝက်မာရသွန်ပြိုင်ပွဲ ကျင်းပ

**ဖနောင်ပင် ဇွန် ၁၉**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နှစ်နှစ်ကြာ ရပ်နားထားပြီးနောက် (၁၀) ကြိမ်မြောက် ဖနောင်ပင်နိုင်ငံတကာ တစ်ဝက်မာရသွန်ပြိုင်ပွဲကို ဇွန် ၁၉ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော်ဖနောင်ပင်၌ ကျင်းပခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါတစ်ဝက် မာရသွန်ပြိုင်ပွဲသည် မယ်တော်မိဖုရား နော်ရဒုမ်မုံနီနတ် ဆီဟနော့ခ်၏ အသက် ၈၆ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုခြင်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားမှုများအတွက် ရန်ပုံငွေမြှင့်တင်ခြင်းနှင့် ကျန်းမာရေး မြှင့်တင်ခြင်းတို့အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားအမျိုးသား အိုလံပစ်ကော်မတီ (အင်န်အိုစီစီ) ဥက္ကဋ္ဌနှင့် ခရီးသွားလာရေးဝန်ကြီး သောင်ခွန်က ပြောသည်။

ထို့အပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဖနောင်ပင်နိုင်ငံတကာ တစ်ဝက်မာရသွန်ပြိုင်ပွဲကို ပါဝင်ဆင်နွှဲသူ အများအပြားဖြင့် ပြန်လည် မြင်တွေ့ရခြင်းသည် အလွန်ကျေနပ်စရာ ကောင်းကြောင်း ၎င်းက ပြောသည်။ အဆိုပါပြိုင်ပွဲသို့ နိုင်ငံခြားသား ၃၈၅ ဦး အပါအဝင် ပရော်ဖက်ရှင်နယ် နှင့် အပျော်တမ်း အပြေးသမား ၃၆၂၁ ဦး ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ကမ္ဘောဒီးယား နိုင်ငံသား ဗန်ဖာရာသည် ၂၁ ကီလိုမီတာ အပြေးပြိုင်ပွဲတွင် ၁ နာရီ မိနစ် ၂၀ ၃၁ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့ပြီး အမျိုးသမီး ၂၁ ကီလိုမီတာအပြေးပြိုင်ပွဲတွင် ဂျပန်နိုင်ငံသူ အိုတာနာဆူကိုက ၁ နာရီ ၃၆ မိနစ် ၂၈ စက္ကန့်ဖြင့် ပန်းဝင်နိုင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




(၁၀)ကြိမ်မြောက် ဖနောင်ပင် နိုင်ငံတကာ တစ်ဝက်မာရသွန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူများ။

# အမေဇုန်တွင် ပျောက်ဆုံးသွားသော ဗြိတိန်ဂျာနယ်လစ်တစ်ဦးကို သေဆုံးလျက်တွေ့

**ဆော်ပေါလို ဇွန် ၁၉**

ဘရာဇီးရဲတပ်ဖွဲ့သည် အမေဇုန်ဒေသတွင် ပျောက်ဆုံးသွားသော ဗြိတိန်ဂျာနယ်လစ်တစ်ဦးကို သေဆုံးလျက်တွေ့ရှိကြောင်း ပြောသည်။ ဗြိတိန်ဂျာနယ်လစ် ဒွန်ဖီးလစ်သည် ဘရာဇီးပညာရှင်တစ်ဦးနှင့်အတူ အမေဇုန်ပြည်နယ်၏ ဝေးလံခေါင်ဖျားသော ဒေသမှ ဌာနေလူမျိုးများ အကြောင်း သုတေသနပြုလုပ်နေစဉ် ဇွန် ၅ ရက်က ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဒေသခံတံငါသည်နှင့် အခြားသူတစ်ဦး၏ ဝန်ခံမှုအပေါ် အခြေခံ၍ လူသေဆုံးမှုကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ အဆိုပါ သေဆုံးသူသည် ဗြိတိန်ဂျာနယ်လစ် ဒွန်ဖီးလစ်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဖမ်းဆီးထိန်းသိမ်းခံထားရသော အဆိုပါ တံငါသည်သည် ဒွန်ဖီးလစ်ကို သတ်ခဲ့သည်ဟု ဝန်ခံကြောင်း၊ ထိုသို့ သတ်ရခြင်း၏ အကြောင်းရင်းကို မသိရှိရသေးကြောင်း ရဲတပ်ဖွဲ့က ဆက်ပြောသည်။

ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအာဏာပိုင်များသည် တရားမဝင် သစ်ခိုး ထုတ်မှု၊ ရွှေတူးဖော်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများနှင့် အခြားသော ရာဇဝတ်မှုများ ကျူးလွန်ပျံ့နှံ့လျက်ရှိသည့် ဝေးလံခေါင်ဖျားသော အမေဇုန်ဧရိယာကို အနည်းငယ်သာ ထိန်းချုပ်ထားနိုင်ကြောင်း သိရသည်။ ကုလသမဂ္ဂသည် အမေဇုန်တွင် ယခုလို ရာဇဝတ်မှုများကို ပြင်းပြင်းထန်ထန်နှိမ်နင်းရန် ဘရာဇီးအစိုးရကို တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**




# အိန္ဒိယနိုင်ငံ၌ လာမည့် ဩဂုတ်လတွင် 5G ကွန်ရက်ဖြန့်ကြက်မှုစတင်မည်

**နယူးဒေလီ ဇွန် ၁၉**

အိန္ဒိယနိုင်ငံ၌ ယခုနှစ် ဩဂုတ်လမှစက်တင်ဘာလအတွင်း 5G ကွန်ရက်ဖြန့်ကြက်မှုကို စတင်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ဆက်သွယ်ရေးဝန်ကြီး အာရှာဝိနီဗစ်ရှ်နော် ကပြောကြားသည်။

**5G ကွန်ရက်**

**စတင်မည်**

လာမည့် ဩဂုတ်လမှ စက်တင်ဘာလအတွင်း 5G ကွန်ရက်ကို စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ သို့သော် ပို၍အရေးကြီးသည်က တစ်ချိန်တည်းတွင် 4G ကွန်ရက် နှင့် 5G ကွန်ရက် နည်းပညာများကို ပြီးပြည့်စုံအောင် တီထွင်ပြီး တစ်ဘီလီယံ ဖုန်းခေါ်ဆိုခကို တစ်ပြိုင်နက်တည်း စမ်းသပ်ခဲ့ကြောင်း၊ ယခုနှစ်ကုန်တွင် မြို့နယ်နှင့် မြို့ပေါင်း ၂၀ မှ ၂၅ မြို့အထိ ဝန်ဆောင်မှုပေးသွားမည်ဖြစ် ကြောင်း ဝန်ကြီးက ဆက်လက် ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ လက်ရှိဒေတာဈေးနှုန်းများသည် ကမ္ဘာ့ပျမ်းမျှထက် သိသိသာသာ လျော့နည်းသဖြင့် ဝန်ဆောင်မှုအသစ်များ စတင်လိုက်သည်နှင့် အမျှ နှုန်းထားများကို ဆက်လက်သတ်မှတ်သွားမည် ဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။

**ကမ္ဘာကို ဦးဆောင်ရန်**

အိန္ဒိယနိုင်ငံသည် 5Gကွန်ရက်ဖြန့်ကြက်မှုတွင် ကမ္ဘာအနှံ့ရှိ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး 6G ကွန်ရက် ဖြန့်ကြက်မှုတွင်လည်း ကမ္ဘာကို ဦးဆောင်ရန် ရည်ရွယ်ထားကြောင်း ဝန်ကြီးက ဆက်လက်ပြောသည်။

**ဈေးနှုန်း ၁၀ ဆသက်သာ**

ဈေးနှုန်းနှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းတွင် ပျမ်းမျှဒေတာနှုန်းထားများသည် ဆက်သွယ်ရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာရှိကြောင်း၊ အိန္ဒိယနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂ ဒေါ်လာရှိပြီး ကမ္ဘာတစ်ဝန်းထက် ဈေးနှုန်း ၁၀ ဆ သက်သာကြောင်း ဝန်ကြီးက ပြောသည်။

**ဆင်ဟွာ**




## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၉၉ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဇွန် ၁၉**

စင်ကာပူနိုင်ငံသည် ဇွန် ၁၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၉၉ ဦး ထပ်မံတွေ့ရှိကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ကူးစက်ခံရသူများအနက် ၂၉၈ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၂၉၀၁ ဦးသည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် စုစုပေါင်း ၂၇၅ ဦးသည် ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ရှစ်ဦးမှာ အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၁၄၀၃ ဦးအထိရှိလာပြီ ဖြစ်သည်။

**ဆင်ဟွာ**

# ငွေကြေးဖောင်းပွမှုကြောင့် စားဝတ်နေရေးအတွက် ရုန်းကန်နေရတဲ့ လက်ဘနွန်ဂျုံစိုက်တောင်သူများ

နွယ်နီလင်း

ထောက်ပံ့ရေးလမ်းကြောင်း ပြတ်တောက်မှုကြောင့် လက်ဘနွန်နိုင်ငံ၌ စားနပ်ရိက္ခာကျပ်တည်းနေသည့်ကြားမှ နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ ကျယ်ပြန့်သော ဂျုံစိုက်ခင်းများတွင် ယခုနှစ်သီးနှံရိတ်သိမ်း ရာသီအစကာလ သီးနှံရိတ်သိမ်းနိုင်ရေးအတွက် အလုပ်ရှုပ်နေကြသည်။

**ငွေကြေးဆုံးရှုံးမှုအတွက် စိုးရိမ်ပူပန်**

ပြည်တွင်း ဂျုံဈေးသည် တစ်တန်လျှင် လက်ဘနွန် ပေါင် ၉၈၀၀၀၀ (အမေရိကန် ဒေါ်လာ ၃၅ ဒေါ်လာခန့်) သာ ရှိသောကြောင့် လက်ဘနွန်စိုက်ပျိုးတောင်သူများ ငွေကြေးဆုံးရှုံးမှုအတွက် စိုးရိမ်ပူပန်မှုမှ ကင်းလွတ်နိုင်မည်မဟုတ်ပေ။ သို့သော်လည်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ တန်ဖိုးတွက်ချက်မှုအရ လစဉ်စားနပ်ရိက္ခာ ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၅၀၀ ခန့်အထိ ရှိနေသည်။

လက်ဘနွန် ပေါင်ငွေသည် ၉၀ ရာခိုင်နှုန်းကျော် တန်ဖိုးကျဆင်းနေသဖြင့် လက်ဘနွန်နိုင်ငံသုံး ငွေကြေးဖြင့် ဂျုံရောင်းချခြင်းသည် အကျိုးအမြတ် မရှိကြောင်း အရှေ့ပိုင်းအယ်လ်မာ့ဂျ် မြေပြန့်လွင်ပြင်ဒေသရှိ လယ်ဧက ၅၀ ခန့် ပိုင်ဆိုင်သူ ဂျမဲလ်ဂျမီက ပြောသည်။

**လက်ငင်းငွေပေးချေနိုင်သည့် သီးနှံပွဲစားများကိုသာရောင်းချ**

လက်ဘနွန်နိုင်ငံရှိ လယ်သမားအချို့သည် လက်ငင်းငွေပေးချေနိုင်သည့် သီးနှံပွဲစားများကိုသာ သီးနှံများ ပိုမိုရောင်းချကြကြောင်း လက်ဘနွန်နိုင်ငံတောင်ပိုင်း နာဗတိမြို့ရှိ အသက် ၆၀ အရွယ် လယ်သမားတစ်ဦးဖြစ်သူ ဂျမယ် ဇီတော်နီက ဆိုသည်။

သီးနှံဈေးနှုန်းများ ကျဆင်းသည့် အချိန်မှစတင်ကာ စပါးလုံလောက်မှု မရှိသည့် တောင်သူများ ထိခိုက်နစ်နာခဲ့ရကြောင်း၊ လယ်သမားများသည် ငွေကြေးပိုမိုရရှိနိုင်သော အခြားသီးနှံအမျိုးအစားများကိုသာ ပိုမိုစိုက်ပျိုးကြရန် လိုလားကြကြောင်း လက်ဘနွန်နိုင်ငံတောင်ပိုင်း မာဂျီရော့မြို့ရှိ အခြား လယ်သမား တစ်ဦးဖြစ်သူ ရှာဘယ်လ်အစ်က ပြောသည်။

**၁၀ ရာခိုင်နှုန်းခန့်ကိုသာ ထောက်ပံ့ပေးနိုင်**

လက်ဘနွန်နိုင်ငံရှိ မြေဧရိယာ ဟက်တာ ၃၀၀၀၀ ခန့်တွင် ဂျုံသီးနှံကို

- **ပြည်တွင်း ဂျုံဈေးသည် တစ်တန်လျှင် လက်ဘနွန်ပေါင် ၉၈၀၀၀၀ (အမေရိကန် ဒေါ်လာ ၃၅ ဒေါ်လာခန့်) သာရှိသောကြောင့် လက်ဘနွန်စိုက်ပျိုးတောင်သူများ ငွေကြေးဆုံးရှုံးမှုအတွက် စိုးရိမ်ပူပန်မှုမှ ကင်းလွတ်နိုင်မည်မဟုတ်ပေ။**
- **လက်ဘနွန် ပေါင်ငွေသည် ၉၀ ရာခိုင်နှုန်းကျော် တန်ဖိုးကျဆင်းနေသဖြင့် လက်ဘနွန်နိုင်ငံသုံး ငွေကြေးဖြင့် ဂျုံရောင်းချခြင်းသည် အကျိုးအမြတ်မရှိကြောင်း အရှေ့ပိုင်းအယ်လ်မာ့ဂျ် မြေပြန့်လွင်ပြင်ဒေသရှိ လယ်ဧက ၅၀ ခန့် ပိုင်ဆိုင်သူ ဂျမဲလ်ဂျမီက ပြော။**



ဂျုံစိုက်ခင်းအတွင်း တောင်သူများ ဂျုံများ ရိတ်သိမ်းနေသည်ကို တွေ့ရစဉ်။

သာ အများဆုံး စိုက်ပျိုးကြသော်လည်း ပြည်တွင်းစားသုံးရန် လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းခန့်ကိုသာ ထောက်ပံ့ပေးနိုင်ကြောင်း လက်ဘနွန်နိုင်ငံအရှေ့ပိုင်းရှိ ဂျုံစိုက်ပျိုးသူများ အသင်း၏ အကြီးအကဲဖြစ်သူ အတဲလက် ဇီအီတာက ပြောကြားသည်။

**ဂျုံတစ်လစာသာ ဖူလုံမှုရှိ**

လက်ဘနွန်နိုင်ငံသို့ ဂျုံအဓိက တင်သွင်းနေသည့် လမ်းကြောင်းပေါ်ရှိ အိမ်နီးချင်းနိုင်ငံများအကြား စစ်ရေးပဋိပက္ခများ ဖြစ်ပွားနေမှုကြောင့် ဂျုံတင်သွင်းနိုင်မှု မရှိခဲ့သဖြင့် ပြတ်လပ်တော့မည့် အခြေအနေသို့ ဆိုက်ရောက်နေခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အာမင်ဆလန်က ပြောသည်။ အဆိုးဆုံးမှာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လက ဘေရွတ် ဆိပ်ကမ်း၌ ပေါက်ကွဲမှုကြောင့် ခြောက်လစာ သိုလှောင်ထားသည့် ဂျုံသိုလှောင်ရုံများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် လက်ရှိ လက်ဘနွန်နိုင်ငံတစ်ဝန်း ဂျုံသိုလှောင်ထားမှုမှာ တစ်လစာအတွက်သာ ဖူလုံမှုရှိတော့မည်ဖြစ်သည်။

**လက်ဘနွန်အစိုးရက ကူညီပေးရန်စီစဉ်**

ထို့ကြောင့် လက်ဘနွန်အစိုးရက ဂျုံစိုက်ပျိုးထုတ်လုပ်မှုကို ထောက်ပံ့ကူညီပေးရန် စီစဉ်နေပြီး ၂၀၂၃ ခုနှစ်က ဂျုံချောနှင့် ဂျုံကြမ်းမျိုးစေ့တန်ချိန် ၁၀၀၀ ခန့်ကို လယ်သမားများထံ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း လက်ဘနွန် စိုက်ပျိုးရေး သုတေသနဌာန ညွှန်ကြားရေးမှူးချုပ် မီရှယ်အာဖမ်က ပြောသည်။

**ဂျုံချောနှင့် ဂျုံကြမ်းမျိုးစေ့များ ဖြန့်ဖြူးပေးနိုင်**

၂၀၂၅ ခုနှစ်တွင် လက်ဘနွန်နိုင်ငံအတွက် လိုအပ်ချက်သည် ဂျုံတန်ချိန် ၂၅၀၀၀၀ ရရှိရန်အတွက် လက်ဘနွန်နိုင်ငံမြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့တွင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဂျုံချောနှင့် ဂျုံကြမ်းမျိုးစေ့များ ဖြန့်ဖြူးပေးနိုင်မည့် အစီအစဉ် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး သုတေသနဌာနက စိုက်ပျိုးရေးဝန်ကြီးဌာနသို့ တင်ပြထားသည်။

**ဂျုံစိုက်ပျိုးသည့်တောင်သူ ၅၅၀၀ ခန့်ရှိ**

လက်ဘနွန်နိုင်ငံတွင် ဂျုံစိုက်ပျိုးသည့် တောင်သူ ၅၅၀၀ ခန့်ရှိရာ လာမည့်နှစ်များတွင် ဂျုံနှင့် မုယောစပါးကို စိုက်ပျိုးနိုင်သည့် မြေဧရိယာ တစ်သန်းရှိသဖြင့် လယ်သမားများအား ပံ့ပိုးကူညီခြင်းနှင့် မျိုးစေ့နှင့် ပိုးသတ်ဆေးများအတွက် အကူအညီပေးခြင်းတို့ကို လုပ်ဆောင်သွားမည် ဖြစ်ကြောင်း လက်ဘနွန် စိုက်ပျိုးရေးဝန်ကြီးက ပြောသည်။ ။

ကိုးကား-ဆင်ဟွာ

## အေဂျီယံပင်လယ်တွင် ရွက်လှေနစ်မြုပ်ပြီးနောက် ဂရိကမ်းခြေစောင့်တပ်ဖွဲ့က ရွှေ့ပြောင်းလုပ်သား ၁၀၈ ဦးကို ကယ်ဆယ်

အေသင် ဇွန် ၁၉

ဇွန် ၁၉ ရက်က အေဂျီယံပင်လယ်ရှိ ဒီလော့စ်ကျွန်းတွင် ရွက်လှေတစ်စင်းနစ်မြုပ်ပြီးနောက် ဂရိကမ်းခြေစောင့်တပ်ဖွဲ့က ရွှေ့ပြောင်းလုပ်သား ၁၀၈ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဂရိအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

အဆိုပါ ရွက်လှေတစ်စင်းနစ်မြုပ်ပြီးနောက် လူလေးဦးမှာ ပျောက်ဆုံးနေကြောင်း အသက်ရှင်သူများ၏ ပြောကြားချက်ကို အခြေခံပြီး ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ပြန်ဖော်ပြထားသည်။ ကယ်ဆယ်ခံရသူရွှေ့ပြောင်းလုပ်သား ၁၀၈ ဦးတွင် အရွယ်မရောက်သေးသူ ၂၁ဦး ပါဝင်ကြောင်း သိရသည်။

ဆင်ဟွာ

## နိုင်ဂျီးရီးယားနိုင်ငံ၌ ယာဉ်မတော်တဆမှုဖြစ်ပွားရာ ၁၈ ဦးထက်မနည်းသေဆုံး

လေဂို့စ် ဇွန် ၁၉

နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း အဝေးပြေးလမ်းမတစ်ခုပေါ်တွင် ဇွန် ၁၉ ရက်အစောပိုင်းက ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတို့တိုက်မိရာ ၁၈ ဦးထက်မနည်းသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း နယ်မြေခံရဲများက ပြောကြားသည်။

ဘော့ဆို ဒေသဆိုင်ရာ အစိုးရဧရိယာရှိ ဂျီဒန်ကွာနို ကျေးရွာအနီး အဝေးပြေးလမ်းမပေါ်တွင်ဖြစ်ပွားသည့် အဆိုပါ ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းကြောင့် ၁၈ ဦးမှာ မီးလောင်သေဆုံးခဲ့ကြောင်း မြို့တော်မင်နာတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရဲပြောရေးဆိုခွင့်ရှိသူ အဘိုင်အိုဒန် ဝါ့ဆီက ပြောကြားသည်။

ယာဉ်မတော်တဆဖြစ်ပွားရခြင်းမှာ ရပ်ထားသော ကုန်တင်ကားကို ခရီးသည်တင် ဘတ်စ်ကားက တိုက်မိခြင်းဖြစ်ကြောင်း၊ ဘတ်စ်ကားမှာ နိုင်ငံအနောက်တောင်ပိုင်း လေဂို့စ်ပြည်နယ်မှ နိုင်ငံမြောက်ပိုင်း နေရာတစ်ခုသို့ ခရီးသွားခြင်းဖြစ်ကြောင်း ရဲပြောရေး ဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

အဆိုပါ ယာဉ်မတော်တဆမှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလည်း လိုက်နာကြရန် အကြံပြုထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ဝန်ပိုတင်ဆောင်ခြင်း၊ ဆိုးရွားသောလမ်းအခြေအနေများနှင့် ယာဉ်မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့် လူသေဆုံးသည့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း ရဲအရာရှိက ပြောကြားသည်။

ဆင်ဟွာ

# ဇွန် ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၂ ရာခိုင်နှုန်းရှိ

(၁၉–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၉–၆–၂၀၂၂) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၁၇,၀၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၉၀) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၄၉၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၈–၆–၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၄,၇၇၇,၃၁၄) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ် ထိုးနှံပြီးစီးသူ (၇,၂၃၁,၉၈၅) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၇,၅၄၅,၃၂၉) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၂,၄၀၄,၈၀၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၈–၆–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၆၄,၁၃၄,၈၉၈) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၉–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၆) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | – |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၆၀) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၇၇) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၇၀) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၉၆၅) ခု | (၃)ဦး |
| **စုစုပေါင်း** | (၄,၁၆၀) ခု | (၅)ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၁၈–၆–၂၀၂၂) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၇,၂၃၁,၉၈၅) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၇,၅၄၅,၃၂၉) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၂,၄၀၄,၈၀၂) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၄,၇၇၇,၃၁၄) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၆၄,၁၃၄,၈၉၈) ကြိမ် |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၉- ၆- ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၉၈၁၅၆၈ | ၈၃၇၆၅၁၂၂ | ၁၀၃၈၂၈၉ |
| ၂။ | အိန္ဒိယ | ၄၃၂၉၆၆၉၂ | ၄၂၆၉၉၃၆၃ | ၅၂၄၈၅၅ |
| ၃။ | ဘရာဇီး | ၃၁၆၉၃၅၀၂ | ၃၀၃၁၀၇၇၂ | ၆၆၉၀၆၂ |
| ၄။ | ပြင်သစ် | ၃၀၀၇၉၄၅၈ | ၂၉၃၃၀၃၉၉ | ၁၄၉၀၃၉ |
| ၅။ | ဂျာမနီ | ၂၇၂၀၄၄၇၈ | ၂၆၁၆၁၃၀၀ | ၁၄၀၂၉၂ |
| ၆။ | ဗြိတိန် | ၂၂၄၇၂၅၀၃ | ၂၂၀၇၆၁၉၇ | ၁၇၉၅၃၇ |
| ၇။ | ရုရှား | ၁၈၃၉၈၂၆၀ | ၁၇၈၂၂၆၇၄ | ၃၈၀၄၆၃ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၇၆၅၅၂ | ၁၈၀၉၄၉၈၈ | ၂၄၄၄၁ |
| ၉။ | အီတလီ | ၁၇၈၄၄၉၀၅ | ၁၇၁၁၆၁၈၇ | ၁၆၇၇၀၃ |
| ၁၀။ | တူရကီ | ၁၅၀၈၅၇၄၂ | ၁၄၉၈၆၃၄၀ | ၉၈၉၉၆ |

## ၁၉-၆- ၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၃၇၆၄၀ | ၉၆၀၁၆၃၀ | ၄၃၀၈၃ |
| အင်ဒိုနီးရှား | ၆၀၆၈၀၇၅ | ၅၉၀၂၇၉၄ | ၁၅၆၆၈၇ |
| မလေးရှား | ၄၅၃၈၉၂၂ | ၄၄၇၆၈၂၈ | ၃၅၇၃၂ |
| ထိုင်း | ၄၄၉၉၀၄၄ | ၄၄၄၇၂၆၆ | ၃၀၄၇၀ |
| ဖိလစ်ပိုင် | ၃၆၉၆၂၆၄ | ၃၆၃၁၂၆၈ | ၆၀၄၆၇ |
| စင်ကာပူ | ၁၃၆၄၅၆၂ | ၁၂၈၀၆၄၉ | ၁၄၀၂ |
| မြန်မာ | ၆၁၃၄၉၀ | ၅၉၂၄၉၂ | ၁၉၄၃၄ |
| လာအို | ၂၁၀၁၉၄ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၅၆၄၅၂ | ၁၅၂၄၉၀ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

# ၁၆-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

**(ယမန်နေ့မှအဆက်)**

**NP News သတင်းဌာနမှ သတင်းထောက် ဦးကျော်မျိုးမင်း** က ယခုလက်ရှိ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရာတွင် လူထုမယုံကြည်မှု၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ မယုံကြည်မှု (သို့မဟုတ်) နိုင်ငံရေးအသိုင်းအဝိုင်း၏ မယုံကြည်မှုတို့ကို ရင်ဆိုင်ရနိုင်ခြေရှိသည်ဆိုသည့် အခြေအနေကို သိမည်ဟု ထင်မြင်မိကြောင်း၊ ရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ပြည့်နှစ် မဲစာရင်းစစ်ဆေးမှုနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်ကိုပင် နိုင်ငံတကာအသိုင်းအဝိုင်းအချို့၊ နိုင်ငံရေးအသိုင်းအဝိုင်းအချို့နှင့် လူမှုရေးအသိုင်းအဝိုင်းတို့တွင် လျစ်လျူရှုထားသည်ကို တွေ့ရကြောင်း၊ တပ်မတော်က ဖွဲ့စည်းပေးထားသည့် ရွေးကောက်ပွဲကော်မရှင်က ပြန်လည်ကျင်းပပေးမည့် ရွေးကောက်ပွဲအပေါ် မည်မျှယုံကြည်မှု ရှိသည်၊ မည်သည့်အတိုင်းအတာအထိ ယုံကြည်စိတ်ချ၍ရနိုင်သည်၊ ယုံကြည်မှုမရှိနိုင်စသည့် မေးခွန်းများကို မည်ကဲ့သို့ ပြန်လည်ဖြေကြားလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က သတင်းထောက်ကြီး ယခုမေးမြန်းသည့် မေးခွန်းကို ပြန်လည်ဖြေကြားရမည်ဆိုပါက မိမိတို့၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရသော် လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၁) အရ သော်လည်းကောင်း ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဖွဲ့စည်းရာတွင်လည်း မိမိတို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် လုပ်ငန်းစဉ် (၅) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးရမည့် တာဝန်ရှိပါကြောင်း၊ ထိုတာဝန်ကို ထမ်းဆောင်ရန်အတွက် မိမိတို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖွဲ့စည်းရာတွင်လည်း ကော်မရှင်အဖွဲ့ဝင်များအဖြစ် ရွေးချယ်ရာတွင် ပါတီနိုင်ငံရေးကင်းရှင်းသူများနှင့် အတွေ့အကြုံရင့်ကျက်သူများကိုသာ ရွေးချယ်၍ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဖြစ်စေရန် ဦးတည်၍ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် အစောပိုင်းက သတင်းထောက်ကြီး မေးမြန်းခဲ့သည့် မေးခွန်းတွင်ပါဝင်သည့် နိုင်ငံတကာနှင့်ပြည်တွင်းမှ ဝေဖန်သူများကတော့ ရှိနေမည်ဖြစ် ကြောင်း၊ ထိုဝေဖန်ချက်များမှာ ၎င်းတို့၏ သဘောထားများသာဖြစ်ကြောင်း၊ သို့သော် မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆောင်ရွက်ရာတွင် အရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းများပြုစုခြင်း၊ ကြိုတင်မဲပေးခြင်းအပါအဝင် မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်ထုတ်ပြန်ခြင်းစသည့် လုပ်ငန်းစဉ်များ ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များ၏ လုပ်ငန်းစဉ် အဆင့်ဆင့်တွင် နိုင်ငံရေးပါတီများ၊ သက်ဆိုင်ရာ နိုင်ငံသားပြည်သူလူထုများ၏ မျက်စိရှေ့မှောက်တွင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များဖြစ်သည့် မဲစာရင်းဖောင်းပွခြင်းများ မရှိစေရေး၊ မဲလက်မှတ်များ မှားယွင်းခြင်း၊ ဖောင်းပွခြင်းများမရှိစေရေး စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ကြိုတင်မဲများသည် အလွန်များပြားခဲ့ပြီး ပြဿနာ ၆ သန်းခန့် ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ကြိုတင်မဲပေးခွင့်နှင့်ပတ်သက်၍ မဲဆန္ဒနယ်ပြင်ပရောက် ရက် ၉၀၊ ရက် ၁၈၀ ခရီးသွားရောက်ကြသည့် မဲဆန္ဒရှင်များ၏ မဲပေးခွင့်ကို မိမိတို့အနေဖြင့် ခွင့်ပြုတော့မည် မဟုတ်ကြောင်း၊ နောက်ပိုင်းတွင် ရက် ၉၀ ဟု ပြောင်းလဲသတ်မှတ်လိုက်ကြောင်း၊ မဲပေးရာတွင် ဖြစ်ပေါ်လာနိုင်သည့် Risk များကို လျှော့ချ၍ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိသည်ဟု အာမခံပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး **NP News သတင်းဌာနမှ သတင်းထောက် ဦးကျော်မျိုးမင်း** က ၂၀၂၀ ပြည့်နှစ်၊ မဲမသမာမှုရလဒ်များကို တောက်လျှောက်ထုတ်ပြန်ပေးနေသည်မှာ ကြာပြီဖြစ်ကြောင်း၊ နိုင်ငံတကာ၏အသိအမှတ်ပြုမှု၊ လက်ရှိနိုင်ငံရေးပါတီများ၏ အသိအမှတ်ပြုမှုနှင့် လက်ခံပေးမှုအနေဖြင့် မည်သည့်အတိုင်းအတာအထိရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က သတင်းထောက်ကြီး မေးမြန်းသည့် မဲစာရင်းမှားယွင်းမှုကိစ္စများကို မိမိတို့အနေဖြင့် လက်တွေ့မြေပြင်တွင်လည်း ချပြပြီးဖြစ်ကြောင်း၊ သို့သော် မသိချင်ယောင်ဆောင်၊ မကြားချင်ယောင်ဆောင်နေသူများက တစ်ပိုင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် Document များအပြည့်အဝဖြင့် ချပြပြီးဖြစ်ကြောင်း၊ ထိုကိစ္စများကို လက်ခံသည့်သူများလည်း မြောက်မြားစွာရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က UEC ၏ စစ်ဆေးခြင်းကိုမခံယူသည့် ပါတီများ ရှိကြောင်း၊ အဆိုပါ ပါတီများအနက် အစစ်ဆေးခံရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ဆက်သွယ်လာသည့် ပါတီ မည်မျှရှိသည်ကိုသိလိုကြောင်း၊ အစစ်ဆေးမခံသည့်ပါတီများကို လာမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြု/မပြုကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က သတင်းထောက်ကြီး မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်သည့်ကိစ္စဖြစ်သည့် နိုင်ငံရေးပါတီများ စစ်ဆေးခြင်းနှင့်ပတ်သက်သည့် အခြေအနေကိုလည်း အစောပိုင်းက မိမိတင်ပြပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီ ၉၂ ပါတီအနက် စစ်ဆေးရန်အတွက် ပါတီ ၈ ပါတီ ကျန်ရှိနေသေးကြောင်း၊ မိမိသိရသလောက်ပြောရလျှင် အချို့ပါတီများမှာ အစစ်ဆေးခံရန်အတွက် အဆင်သင့်မဖြစ်သေးသောကြောင့်ဖြစ်ကြောင်း၊ တချို့မှာ နယ်မြေလုံခြုံရေးအခြေအနေအရဖြစ်ကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေကြသူများလည်း ရှိကြောင်း၊ ထို့ကြောင့် စစ်ဆေးရန်ကျန်ရှိနေခြင်းဖြစ်ကြောင်း၊ ထိုပါတီများကို စစ်ဆေးနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပါတီများ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရ/မရ ဆိုသည့်အခြေအနေမှာ ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကိစ္စနှင့် ပါတီစစ်ဆေးသည့်ကိစ္စမှာ တိုက်ရိုက်ဆက်စပ်မှု မရှိကြောင်း၊ သို့သော် ထိုပါတီများအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် ဖြစ်ပေါ်နေသည့် ပါတီ၏ အခြေအနေအပေါ်တွင် မူတည်ကြောင်း၊ ပါတီတစ်ခုအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် ပါတီဖျက်သိမ်းခြင်းခံထားရပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်မဟုတ်ကြောင်း၊ ယာယီရပ်ဆိုင်းခြင်းခံထားရပါကလည်း ဝင်ရောက်ယှဉ်ပြိုင်၍မရကြောင်း၊ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိပါကလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်မဟုတ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့် ရှိ/မရှိ ဆိုသည်မှာ အထက်ပါအခြေအနေများအပေါ်တွင် မူတည်ကြောင်း ပြန်လည်ဖြေကြားသည်။

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး** က NUG၊ CRPH၊ PDF နှင့် ပတ်သက်မှုမရှိဟု လက်မှတ်ရေးထိုးထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် မည်မျှရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က သတင်းထောက်ကြီး ယခုမေးမြန်းသည့် မေးခွန်းကို ယခင်သတင်းစာရှင်းလင်းပွဲများတွင်လည်း မေးမြန်းခဲ့ဖူးကြောင်း၊ မိမိလည်း ပြန်လည်ဖြေကြားခဲ့ဖူးကြောင်း၊ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များလက်မှတ်ရေးထိုးသည့်ကိစ္စမှာ မိမိတို့ UEC က ဆောင်ရွက်သည့်ကိစ္စမဟုတ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ဆောင်ရွက်သည့်ကိစ္စဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်သည့် စာရင်းဇယားများ UEC တွင် မရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Golden Hand ဂျာနယ်မှ ထုတ်ဝေသူ ဦးလှဆွေ** က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်နှင့်တကွ ယခုခန်းမအတွင်းရှိနေသည့်ပုဂ္ဂိုလ်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေဟု ပြောလိုကြောင်း၊ လာမည့် ရွေးကောက်ပွဲကို PR စနစ်ဖြင့် ကျင်းပသွားမည်ဟု သိရကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် PR စနစ်နှင့်ပတ်သက်၍ Open List နှင့် Closed List ဟူ၍ အမျိုးမျိုးဖြစ်နေကြကြောင်း၊ ဥပမာအားဖြင့် Closed List ဆိုပါက ရွေးကောက်ပွဲနယ်မြေတွင် ရွေးကောက်တင်မြှောက်ခံမည့် ပုဂ္ဂိုလ်မှာ မည်သူဖြစ်သည်ဟု မသိရကြောင်း၊ ထို့ကြောင့် “ပါတီကိုပဲကြည့်ပါ၊ လူကိုမကြည့်ပါနဲ့” ဟု တစ်ချိန်က NLD ပါတီခေါင်းဆောင်ဖြစ်သည့် ဒေါ်စုကြည် ပြောသကဲ့သို့ ဖြစ်နေမည်လား၊ အချို့နေရာများတွင် Closed List ဟုဆိုသော်လည်း မိမိနယ်မြေတွင် ဝင်ရောက်ရွေးကောက်ခံမည့်ပုဂ္ဂိုလ်မှာ ဦးဖြူဖြစ်သည်၊ ဦးနီ ဖြစ်သည်ဆိုသည်ကို မဲရုံများတွင် ဓာတ်ပုံများ ကပ်ထားပေးသည့် တိုင်းပြည်များလည်း ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံက လုပ်ဆောင်မည့် PR စနစ်မှာ “ပါတီကိုပဲ ကြည့်ပါ၊ လူကို မကြည့်ပါနဲ့” ဟုဆိုသောကြောင့် ၄ တန်းအောင်လည်း ရပါတယ်ဆိုသည့် ပုံစံမျိုးဖြစ်မည်လား၊ မိမိတို့

*စာမျက်နှာ ၁၇ သို့*




ဦးကျော်မျိုးမင်း



နောင်တော်လေး



ဦးလှဆွေ



ဦးမင်းမောင်

*စာမျက်နှာ ၁၆ မှ*

ပြည်သူလူထုက မိမိရွေးချယ်လိုက်သည့်ပုဂ္ဂိုလ်သည် မိမိနယ်မြေက အမတ်ဖြစ်သည်ကို သိနိုင်သည့် PR စနစ် ဖြစ်မည်လားဆိုသည်ကို မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်စေရန် တိုတိုနှင့်လိုရင်း ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က သတင်းထောက်ကြီး ယခုမေးမြန်းသည့် မေးခွန်းမှာ မေးခွန်းကောင်းတစ်ခုဖြစ်ကြောင်း၊ PR စနစ်နှင့် ပတ်သက်၍ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲများတွင်လည်း မိမိအနေဖြင့် ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ လေးကြိမ် တွေ့ဆုံခဲ့ကြောင်း၊ တွေ့ဆုံခဲ့စဉ် နိုင်ငံ၏အနေအထားများအရ Closed List PR စနစ်ကို အသုံးပြုမည်ဟု အတည်ပြုထားကြောင်း၊ ထိုအတိုင်း ဆောင်ရွက်ရန်အတွက် ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြင်ဆင်ထားကြောင်း၊ ပြဋ္ဌာန်းပြီးစီးပါက အတည်ဖြစ်သွားမည်ဖြစ်ကြောင်း၊ Closed List PR စနစ်၏ သဘောတရားအရ မဲဆန္ဒရှင်များသည် မဲပေးရာတွင် ပါတီကိုသာ မဲပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲလက်မှတ်တွင် ပါတီအမည်နှင့် ပါတီ Logo သာ ပါမည်ဖြစ်ကြောင်း၊ ထိုဆန္ဒမဲလက်မှတ်ဖြင့်သာ ဆန္ဒပြုရမည်ဖြစ်ကြောင်း၊ တစ်သီး ပုဂ္ဂလဆိုပါက တစ်သီးပုဂ္ဂလကိုယ်စားလှယ်၏ အမည်ပါမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထက်ပါကိစ္စနှင့်ပတ်သက်၍ ပါတီများသည် သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း မိမိတို့ထံ တင်ပြရကြောင်း၊ ပါတီများက ဦးစားပေးအစီအစဉ်အတိုင်း ပေးပို့လာသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကိုရရှိပါက ရွေးကောက်ပွဲတွင် ပါတီ၏အမည်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်၏အမည်ကို မဲပေးရကြောင်း၊ ထိုသို့မဲပေးရာတွင် ရရှိလာသည့် မဲရလဒ်အပေါ်မူတည်ပြီး Largest Reminder Formula ကို အသုံးပြု၍ ကိုယ်စားလှယ်လောင်းအမည်စာရင်းအား သက်ဆိုင်ရာပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်း ထုတ်ပြန်ကြေညာပေးရကြောင်း၊ ထိုသို့မဲပေးရာတွင် ပါတီကိုသာ မဲပေးရခြင်းဖြစ်သည့်အတွက် သတင်းထောက်ကြီး မေးမြန်းသကဲ့သို့ ကိုယ်စားလှယ်လောင်းများအား မဲဆန္ဒရှင်များက ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် လိုအပ်ကြောင်း။

ထိုကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာလွှတ်တော် ရွေးကောက် ပွဲဥပဒေနှင့် နည်းဥပဒေများတွင် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုသည့်အခန်းကဏ္ဍကို ထပ်မံထည့်သွင်းထားကြောင်း၊ ယခင်ဥပဒေတွင် မပါဝင်ကြောင်း၊ အသစ်ထပ်မံပြဋ္ဌာန်းခဲ့သည့် ဥပဒေအရ အချိန်ကာလကိုလည်း လုံလောက်စွာ သတ်မှတ်ပေးထားကြောင်း၊ ပြဋ္ဌာန်းထားသည့်ကာလအတွင်း ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်ရာပါတီများအနေဖြင့် မဲဆွယ်စည်းရုံးခြင်းနှင့် စုဝေးဟောပြောခြင်းများကို ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့ရွေးကောက်ပွဲကော်မရှင်ထံ ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းရာတွင်လည်း ကိုယ်စားလှယ်လောင်း၏ အမည်၊ ၎င်း၏ပါတီအမည်၊ ၎င်းပါတီ၏ Logo နှင့် ပုံစံ ၁၀ စာရင်း ထွက်ကြောင်း၊ ထိုကိစ္စကို ယခင်ကလည်း ကြေညာပြီးဖြစ်ကြောင်း၊ အဆိုပါပုံစံ ၁၀ စာရင်းကိုလည်း သက်ဆိုင်ရာကော်မရှင်များက သတ်မှတ်သည့်နေရာတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့အတူ မဲဆွယ်စည်းရုံးရေးကာလတွင် သက်ဆိုင်ရာပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် မိမိတို့၏ အမည်နှင့် အချက်အလက်များကို Vinyl များ၊ Poster များဖြင့် ကပ်ထားကြေညာ၍ စည်းရုံးဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ သတင်းထောက်ကြီး မေးမြန်းခဲ့သည့်မေးခွန်း၏ နောက်ဆုံးအချက်ဖြစ်သည့် မဲရုံများတွင် ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံများ ကပ်ထားမည့်ကိစ္စနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားရမည်ဆိုပါက ရွေးကောက်ပွဲနေ့တွင် မဲရုံများသည် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရမည့်နေရာမဟုတ်ကြောင်း၊ ထို့အပြင် မဲဆွယ်စည်းရုံးရာရောက်သည့် အခြေအနေများရှိနိုင်သည့်အတွက် သတင်းထောက်ကြီး မေးမြန်းခဲ့သည့်ကိစ္စကို ခွင့်ပြုပေးနိုင်မည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်အွန်လိုင်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးမင်းမောင်** က NUG အစိုးရဟုခေါ်သည့်အဖွဲ့မှ ဒူဝါးလရီးဝါးက ယခုလာမည့်ရွေးကောက်ပွဲကို မဲပေးနိုင်ခြင်းမရှိစေရေးနှင့် မအောင်မြင်စေရေးတို့အတွက် ၎င်းတို့အနေဖြင့် လမ်းကြောင်း နှစ်ကြောင်း

> **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်သာမက နိုင်ငံတကာနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အဓိကပြောလိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းရှိ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများက ယုံကြည်လက်ခံနိုင်မည့် ရွေးကောက်ပွဲဖြစ်စေရန် ပိုမိုအလေးထား ဆောင်ရွက်သွားမည်ဖြစ်"**

ဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့ မှတ်ချက်ပေးလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က သတင်းထောက်ကြီး မေးမြန်းခဲ့သည့်ကိစ္စမှာ မိမိတို့ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်စွာ မကျင်းပနိုင်စေရန်အတွက် နိုင်ငံရေးနည်း၊ စစ်ရေးနည်းများဖြင့် ဆောင်ရွက်သွားမည်ဆိုသည့် ထုတ်ပြန်ကြေညာချက်ကိစ္စဖြစ်ကြောင်း၊ ထိုကြေညာချက်ကို မိမိတို့လည်း ကြားသိရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပါဝင်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကျင်းပနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများသည် ၎င်းတို့၏ဆန္ဒမဲများကို နှောင့်ယှက်မှုများ၊ ဖိအားပေးမှုများ၊ ခြိမ်းခြောက်မှုများ၊ အကျပ်ကိုင်မှုများမပါဝင်ဘဲ လွတ်လပ်စွာဖြင့် ၎င်း၏ဆန္ဒအတိုင်း မဲပေးနိုင်ခွင့်ရရှိရန် လိုအပ်ကြောင်း၊ ထိုသို့ရရှိနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရန်လိုကြောင်း၊ အဆိုပါအခြေအနေမျိုးရရှိနိုင်ရန် အတွက် မိမိတို့အနေဖြင့်လည်း သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ သတင်းထောက် ထက်ထက်အောင်** က နိုင်ငံတကာ အဖွဲ့အစည်းများက UEC နှင့် လာရောက်တွေ့ဆုံခဲ့ပြီး UEC ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ကျေနပ်လက်ခံခဲ့သည်ဟု သိရကြောင်း၊ ထိုကိစ္စကို နိုင်ငံတကာသို့ ပြန်လည် မျှဝေသွားမည်ဟု ပြောကြားခဲ့သည့် အဖွဲ့များရှိသည်ဟုလည်း သိရကြောင်း၊ ထိုကဲ့သို့သော အဖွဲ့အစည်းမည်မျှရှိသည်ကို သိလိုကြောင်း၊ မည်သည့်နိုင်ငံများမှ မည်ကဲ့သို့သော အဖွဲ့အစည်းများဖြစ်သည်ကို သိလိုကြောင်း၊ လက်ရှိတွင် UEC အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းမည်မျှနှင့် တွေ့ဆုံပြီး ဖြစ်သည်ကို သိလိုကြောင်းနှင့် အဖွဲ့မည်မျှနှင့် ထပ်မံတွေ့ဆုံရန် စီစဉ်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် စတင်ဖွဲ့စည်းသည့်ကာလမှ ယနေ့အချိန်အထိ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ သံအမတ်ကြီးနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့အပါအဝင် ယခင် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့တို့နှင့်သာမက အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်း တက္ကသိုလ်မှ ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ကာဒီဂျက်ဆန်နှင့်လည်း ပြီးခဲ့သည့်ရက်ပိုင်းက တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်နိုင်ခဲ့ကြောင်း၊ မိမိတို့ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်နေမှုများကိုလည်း ရှင်းပြနိုင်ခဲ့ကြောင်း၊ အပြန်အလှန်ကူညီနိုင်မည့် နည်းလမ်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်သာမက နိုင်ငံတကာနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အဓိကပြောလိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းရှိ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများက ယုံကြည်လက်ခံနိုင်မည့် ရွေးကောက်ပွဲဖြစ်စေရန် ပိုမိုအလေးထား ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ ဦးသွင်ထူးအောင်** က ယခုကျင်းပမည့် ရွေးကောက်ပွဲစနစ်ကို PR စနစ်ဖြင့် လုပ်ဆောင်မည်ဟု သိရသောကြောင့် ထိုစနစ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် အစီအစဉ်များ ရေးဆွဲပြီး ဖြစ်/မဖြစ်သိလိုကြောင်း၊ အဆိုပါရွေးကောက်ပွဲစနစ်ကို ပြည်သူများထံချပြရန်အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က မိမိတို့အနေဖြင့် ရွေးကောက်ပွဲနှင့် အဓိကသက်ဆိုင်သည့် အဖွဲ့အစည်းများဖြစ်သည့် နိုင်ငံရေးပါတီများနှင့် လေးကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲအတွေ့အကြုံများနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း၊ ထိုသို့ဆောင်ရွက်ပြီးမှသာလျှင် Closed List PR စနစ်ကိုကျင့်သုံးရန်အတွက် အများစုက သဘောတူခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် PR စနစ်ဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဥပဒေထုတ်ပြန်ပြီးပါက အားလုံးသိရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် PR စနစ်နှင့်ပတ်သက်သည့် Civic Education၊ Voter Education စသည့် ပြည်သူလူထုအသိပညာပေးခြင်းနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း အဆင်သင့်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးပါက တောက်လျှောက် Follow Up ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သတင်းထောက်ကြီးမေးမြန်းသည့် ရွေးကောက်ပွဲကျင်းပခြင်းကိစ္စသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကော်မရှင်ဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်သာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သတ်မှတ်ထားသည့် ဥပဒေနှင့်အညီ PR စနစ်ကို အသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လူထုဆန္ဒခံယူပွဲကျင်းပရန် အစီအစဉ်မရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Cohesion News Agency မှ သတင်းထောက် ဦးရဲလင်းထွန်း** က ယခုလာမည့် ရွေးကောက်ပွဲကို ၂၀၂၃ ခုနှစ်တွင် ကျင်းပမည်ဟု သိရကြောင်း၊ ထိုသို့ကျင်းပရာတွင် ယခင်ရွေးကောက်ပွဲကာလများကဲ့သို့ ပညာအရည်အချင်းကန့်သတ်ထားခြင်း ရှိ/မရှိ သိလိုကြောင်းနှင့် ဥစ္စာဓန Background သတ်မှတ်ထားခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး** က လွှတ်တော်ကိုယ်စားလှယ်များသည် အချုပ်အခြာအာဏာသုံးရပ်တွင်ပါရှိသည့် ဥပဒေပြုရေးမဏ္ဍိုင်အတွက် အဓိကတာဝန်ထမ်းဆောင်ကြရသူများဖြစ်ကြောင်း၊ အလားတူ ရွေးကောက်တင်မြှောက်ခြင်းခံရပါက အုပ်ချုပ်ရေးမဏ္ဍိုင်အတွက်ပါ တာဝန်ထမ်းဆောင်ကြရသူများဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် အရေးပါသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့၏အရည်အချင်းနှင့် စွမ်းဆောင်ရည်မြင့်မားရန် လိုအပ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြီးခဲ့သည့် လွှတ်တော်သက်တမ်းနှင့် နိုင်ငံရေးပါတီများကို သွားရောက်စစ်ဆေးပြီးစီးခဲ့သည့် အခြေအနေများကို သုံးသပ်၍ ကိုယ်စားလှယ်လောင်း၏ ပညာအရည်အချင်းကို သတ်မှတ်သင့်သည့် အတိုင်းအတာတစ်ခုသတ်မှတ်နိုင်ရန်အတွက် ဥပဒေတွင် လျာထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးပါက သိရှိနိုင်မည်ဖြစ်ကြောင်း၊ အလားတူ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ပိုင်ဆိုင်မှု၊ ပစ္စည်း၊ ဥစ္စာ၊ စီးပွားရေးတို့နှင့် ပတ်သက်၍ ကန့်သတ်ရန်မရှိကြောင်း၊ သို့သော်ပါတီများကို စစ်ဆေးသည့် အနေအထားအရ သက်ဆိုင်ရာပါတီများအနေဖြင့် ပါတီတစ်ခုချင်းအလိုက် ရှိသင့်သည့် ပိုင်ဆိုင်မှုအဖြစ် ပါတီ၏ဘဏ္ဍာငွေရှိရန် လိုအပ်သည့်အတွက် ထိုကိစ္စကိုလည်း လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာ verbs (ကြိယာ) အသုံးပြုပုံစည်းမျဉ်းတွေကို ဖော်ပြပေးလိုက်ရုံသာမက subject နှင့် verb agreement ပုံစံများ၊ time နှင့် tense တို့ကိုချိန်ညှိပြီး သင့်တော်သလိုသုံးတတ်အောင် ထပ်တလဲလဲလေ့ကျင့်သင့်ပုံများကိုလည်း ဖော်ပြလိုက်ပါသည်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about hotel English–4" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary ပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် Grammar အပိုင်းမှာ verbs (ကြိယာ) အသုံးပြုပုံ စည်းမျဉ်းတွေကို ဖော်ပြလိုက်ပါတယ်။ အထူးသဖြင့် Subject များရင် Verb များပုံများ၊ Subject နည်းရင် Verb နည်းပုံများကိုဖော်ပြလိုက်ရုံသာမက subject နှင့် verb agreement ပုံစံများ၊ time နှင့် tense တို့ကိုချိန်ညှိပြီး သင့်တော်သလိုသုံးတတ်အောင် ထပ်တလဲလဲလေ့ကျင့်သင့်ပုံများကိုလည်း ဖော်ပြလိုက်ပါသည်။

**(1) Number–person agreement**

Finite verb တစ်ခုသည် number နှင့် person တွင် ၎င်း၏ Subject နှင့် သဘောတူညီရမည်။


| | | | |
|---|---|---|---|
| Number: | Singular number | – | (one) |
| | Plural number | – | (more than one) |
| Person: | The First Person | – | (I, we) |
| | The Second Person | – | (you) |
| | The Third Person | – | (Other than I, we, you) |

Subject များလျှင် Verb များရမည်။ Subject နည်းလျှင် Verb နည်းရမည်။ ဥပမာ။

- I am a student.
- We are students.
- You are a student.
- You all are students.
- He is a student.
- She is a student.
- It is their school.
- They are all students.

**(2) Time–tense agreement**

Finite Verb တွင် tense ရှိသည်။ Tense သည် time နှင့် သဘောတူညီရမည်။ ဆိုလိုသည်မှာ ပစ္စုပ္ပန်ကာလမှာဖြစ်သလား။ လွန်ခဲ့သည့် အတိတ်ကာလမှာဖြစ်သလား။ သို့မဟုတ် အနာဂတ်ကာလမှာ ဖြစ်ခဲ့သလားဆိုသည့် အကြောင်းခြင်းရာများကိုကြည့်ပြီး Tense များ




ကို time နှင့် သင့်တော်သလိုသုံးရမည်ဟု ဆိုလိုသည်။ ဥပမာ–

- Mary goes to school every day.
- I went to school yesterday.
- John will go to school tomorrow.

အင်္ဂလိပ်စာလေ့လာသူများသည် subject နှင့် verb agreement ပုံစံများသာမက time နှင့် tense တို့ကိုချိန်ညှိပြီး သင့်တော်သလိုသုံးတတ်အောင် ထပ်တလဲလဲလေ့ကျင့်သင့်ပေသည်။ ထိုသို့လုပ်ခြင်းသည် ဘာသာစကားတစ်ခုကို အကောင်းဆုံးသင်ယူလေ့လာနည်းဖြစ်သည်။

**(3) The rule of following verbs (verb order)**

တူညီသော verb form (ကြိယာပုံစံ) တွင် ကြိယာနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောကြိယာများပါပါက subject နှင့်အနီးဆုံး ကြိယာသည် finite ဖြစ်သည်။ ကျန်သော verb သည် non–finite ဖြစ်သည်။ ဆိုလိုသည်မှာ (ကျန်သော verb သည် infinitive သို့မဟုတ် participle ဖြစ်ခြင်းကို ဆိုလိုသည်။)

(1) Verb to be ကိုတခြား verb များနှင့်တွဲသုံးသော် အဆိုပါ verb များသည် present participle သို့မဟုတ် past participle ဖြစ်ရမည်။
- Be (am, is, are, was, were) + present participle (Ving) သည် Continuous Tense ပုံစံဖြစ်သည်။
- Be (am, is, are, was, were) + past participle (V3) သည် Passive Voice ပုံစံဖြစ်သည်။

(2) Verb to have ကို တခြား verb များနှင့် တွဲသုံးလျှင် အဆိုပါ Verb သည် past participle ဖြစ်ရမည်။
- Have (have, has, had) + past participle (V3) သည် Perfect Tense ပုံစံဖြစ်သည်။

(3) do, does, did;
shall, will, can, may, must;
should, would, could, might;
ought (to), used (to);
would rather; had better; need; dare.

ဖော်ပြပါ Verb များကို တခြား Verb နှင့်တွဲသုံးပါက Infinite သာလိုက်ရမည်။ ဥပမာ–

- I shall come tomorrow.
- Mary also will come tomorrow.
- John will have lunch with us today.
- My sister can swim across the lake.
- My wife does not speak English.
- You had better see the doctor.
- She would rather go alone.
- She need not be accompanied home.

## Vocabulary (Antonyms)

| | | | |
|---|---|---|---|
| 1. | fat (ဝသော) | ≠ | thin/lean (ပိန်သော၊ ကျစ်လျစ်သော) |
| 2. | feeble (အားနည်းသော၊ ချည့်နဲ့သော) | ≠ | strong (သန်မာသော) |
| 3. | few (အနည်းငယ်) | ≠ | many (များပြားသော) |
| 4. | find (ရှာဖွေတွေ့ရှိသည်) | ≠ | lose (ပျောက်ဆုံးသည်) |
| 5. | finish (ပြီးဆုံးသည်) | ≠ | start (စတင်သည်) |
| 6. | first (ပထမဆုံးဖြစ်သော) | ≠ | last (နောက်ဆုံးဖြစ်သော) |
| 7. | folly (မိုက်မဲမှု) | ≠ | wisdom (ဉာဏ်ပညာ) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Conversation



### Shortest way to talk about hotel English–4

**ဒီတစ်ပတ်မှာတော့ Asking about hotel facilities – ဟိုတယ်အထောက်အပံ့ဝန်ဆောင်မှုများကို မေးတဲ့အခါ ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about hotel English–4" ဆိုပြီး ဖော်ပြလိုက်ပါတယ်။**



***Is there anything else I can help you …***

***I would like a wake–up call … if possible***

***Do you offer …?***

***I wanted to ask: …***

၁။ ဟိုတယ်ဝန်ထမ်းက ကျွန်တော် ကူညီနိုင်တာဘာများရှိမလဲလို့မေးရင် ဒီလိုမေးတတ်ပါတယ်။ ဥပမာ–

- Is there anything else I can help you?

၂။ ယဉ်ကျေးစွာနဲ့ ဟိုတယ်ဝန်ထမ်းကို တစ်ခုခုလုပ်ပေးစေချင်လို့ တောင်းဆိုတဲ့အခါ I would like … နဲ့သုံးလေ့ ရှိပါတယ်။ ပိုပြီးလေးစားတဲ့အနေနဲ့ ပြောတဲ့အခါမှာ နောက်က If possible ကိုထည့်ပြီး ပြောလေ့ရှိပါတယ်။ ဥပမာ–

- I would like a wake–up call tomorrow, if possible.

၃။ တခြားဟိုတယ်ဝန်ဆောင်မှုများကို မေးမြန်းရာတွင်လည်း Do you offer …? နဲ့ မေးမြန်းနိုင်ပါတယ်။ ဥပမာ –

- Do you offer 24–hour room service?
- Do you offer a dry–cleaning service?
- Do you offer conferencing facilities?

၄။ မေးခွန်းတစ်ခုကို ယဉ်ယဉ်ကျေးကျေးနဲ့ မေးမြန်းချင်တဲ့အခါမှာ နည်းလမ်းတွေ အများကြီး ရှိပေမယ့် လွယ်လွယ်နဲ့နဲ့ ရှင်းရှင်းပြောရမယ်ဆိုရင် I wanted to ask …ပဲ ဖြစ်ပါတယ်။ ဥပမာ–

- I wanted to ask: is it possible to check out one hour late?
- I wanted to ask: what time is breakfast?

**Conversation**

I would like a wake–up call

Receptionist: ***Is there anything else I can help you*** with, Ms. Banks?

Guest (Sarah Banks): Yes, ***I would like a wake–up call tomorrow, if possible***.

Receptionist: Yes of course; what time would you like the call?

Guest (Sarah Banks): 7:30 please, actually … better make it 7.

Receptionist: Okay, no problem. I'll make a note of that.

Guest (Sarah Banks): Also I need to go to the airport on Wednesday morning. ***Do you offer a shuttle service?***

Receptionist: Yes, we do. What time's your flight?

Guest (Sarah Banks): It's at 10.30 am.

Receptionist: Okay, we have shuttles to the airport every hour, so I think you could take the 8 am shuttle.

Guest (Sarah Banks): Perfect, thank you. Also, ***I wanted to ask:*** what kind of gym facilities do you have?

Receptionist: We have a complete gym and small swimming pool just down this corridor. The swimming pool also has a sauna and steam room.

Guest (Sarah Banks): Wonderful! Thanks for your help. Oh, actually, one last thing: what's the WiFi password for the hotel?

Receptionist: It's Palmbeachhotel. All one word, with a capital P at the start.

Guest (Sarah Banks): And that works everywhere in the hotel?

Receptionist: Yes, it does.

Guest (Sarah Banks): Thank you very much.

Receptionist: You're welcome.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၆-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** ပဌာန်းသုတ်၊ ရတနသုတ်၊ ဓောဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ဘဝနှင့်အနုပညာ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၉၈)
**၁၃:၃၀** MRTV National News
**၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
**၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဆေး'** (အပိုင်း-၁၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၁၆)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'မိုနိုကာ (ဘာဝနာ)'**

**mitv**

**07:01** Myat Day Thanar (Pan Ei Phyu)
**07:09** Tour Around in Myeik Archipelago (Epi-1) Baliey and Smart Islands
**07:24** Pan Tamawt... Stone Carving
**07:52** Myanmar Puppeteers (Ogre Dance)
**08:01** The Largest Nunnery In Myanmar
**08:31** Myanmar Tradition of Lotus Flower
**08:52** A Photographer's Life at Shwedagon Pagoda
**09:01** News
**09:26** Global Partnership for Brighter Future: Zambia Pavilion at Expo 2020 Dubai
**09:36** Discovering Tribes: Pre Kayaw (Their Life and Customs) (Part-1)
**10:02** Sagaing: Guitars

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (ကရင်မောင်နှမနှင့်မဲဒေါက်ချောင်းတံတား) (အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဆံတော်ရှင်ကျိုက်ထီးရိုး

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
အဆိုတော်ကြီးဖြစ်ချင်သူ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝရိုးရာဝတ်စုံချုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ထမင်းဟင်းထုပ်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားဒေသမှအင်ဥရှာထွက်မယ်

**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်ငါးပိထောင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၂၀** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ငွေအဆုံးကုန်းတစ်ဝက်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၃၀** စိုက်ပျိုးရေးကိုအခြေတည် တန်ဖိုးရှိတဲ့မြန်မာ့ထုတ်ကုန်ဆီ
**၀၇:၀၀** နှစ်ရှည်ကမ္ဘာ့ဈေးကွက်ဝင်ကြယ်ပဲ
**၀၇:၄၀** သတိပြုစရာ ကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါ
**၀၉:၁၅** မင်းဘူးရောက်နဂါးမောက်
**၀၉:၄၅** ရေချွေတာဖို့လမ်းစဉ်များတောင်သူတို့အားထား

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် (၁/၂၀၂၂) အပတ်စဉ် ဥပဒေအရာရှိအဆင့်-၄ များနှင့် တွေ့ဆုံပွဲကျင်းပ




မန္တလေး ဇွန် ၁၉

ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် (၁/၂၀၂၂) အပတ်စဉ် ဥပဒေအရာရှိ အဆင့်-၄ အသစ်များနှင့် တွေ့ဆုံပွဲအခမ်းအနားများကို ဇွန် ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းဒေသကြီးဥပဒေအရာရှိတို့က လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေချုပ်က ဥပဒေအရာရှိအဆင့်-၄ အသစ်များအား နိုင်ငံတော်အခြေအနေအရပ်ရပ်၊ တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေအရာရှိများ၊ လက်ထောက်တိုင်းဒေသကြီးဥပဒေအရာရှိများ၊ မန္တလေးခရိုင်ဥပဒေရုံးမှ ဒုတိယခရိုင် ဥပဒေအရာရှိများ၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ မြို့နယ်ဥပဒေအရာရှိများ၊ (၁/၂၀၂၂) အပတ်စဉ်လုပ်ငန်းခွင်ဝင် ဥပဒေအရာရှိအဆင့်-၄ ၂၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၆ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၀၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၈၈၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၂၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၀၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၀၅ ကျပ် | ၂၆၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၃၅ ကျပ် | ၂၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၀ ကျပ် | ၂၃၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၅ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၄၆၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၇၁ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၅၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၀၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၇၀၀ | ၄၈ | ၃၆၉၆၀၀ |
| MTSH | ၂၇၀၀ | ၂၆၅၀ | ၉၇၁ | ၂၆၀၃၄၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၈ | ၆၂၄၀၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၁၀၀ | ၁၇၅၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ဧည့်သည်စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သီးနှံဈေးကွက်

ဆရာမဲဇာ

အမျိုးသားအဆင့် အစားအသောက်အန္တရာယ် ကင်းရှင်းရေးမူဝါဒ (National Food Safety Policy) နှင့်ပတ်သက်၍ ၂၈-၄-၂၀၂၂ ရက်နေ့ မြန်မာ့အလင်း သတင်းစာတွင် "ယခုမူဝါဒကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အာဆီယံအဖွဲ့တို့၏ အမျိုးသားဆင့်အစားအသောက် ဘေးအန္တရာယ်ထိန်းချုပ်ရေးစနစ်ဆိုင်ရာ ဥပဒေသများနှင့်လည်း လိုက်လျောညီထွေရှိစေရန် ချမှတ်ထားခြင်းဖြစ်ကြောင်း" ဟု ဖော်ပြထားသည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရန် ဦးတည်လျက်ရှိကြောင်း တွေ့နိုင်ပါသည်။

ထို့ပြင် "အစားအသောက်ကြောင့် ဖြစ်သည့် ကျန်းမာရေးဆိုးကျိုးများကို ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် စိတ်ချယုံကြည်ရသည့် အစားအသောက်ဈေးကွက်တစ်ရပ် ထူထောင်နိုင်မည်ဖြစ်ကြောင်း" ဖော်ပြထားသည်ကို ဖတ်ရှုလျက် "သစ်သီးဈေးကွက်"တစ်ရပ် ဖော်ထုတ်နိုင်သော် ကောင်းလေစွဟု အားရမိပါသည်။

သီးနှံစားသုံးသူတို့အနေဖြင့် ယခင်နှင့်ယခု မတူသောသဘောထားမှာ "ကျန်းမာရေးအတွက် သစ်သီးစားသုံးခြင်း" ဟူသော အချက်ပင်ဖြစ်ပါသည်။ ယခင်က သီးနှံတို့၏အရသာကို အဓိကထား၍ စားကြသော်လည်း ယခုအခါတွင် သီးနှံများတွင်ပါသော အရသာ၊ အာဟာရသာမက လတ်ဆတ်မှု၊ ဘေးအန္တရာယ်ကင်းမှုတို့ကိုပါ ထည့်သွင်းတွက်ချက်ရွေးချယ်လာကြသည်။

### ကျန်းမာရေးအကျိုးရလဒ်

ထမင်းစားပြီးလျှင် ချိုမြိန်ဖွယ် သစ်သီးမှည့်တစ်ခုခုကို အစာပိတ်စားကြသောဓလေ့မှ ပြောင်းလဲလျက် သီးနှံကို အစာမစားခင်(ထမင်းမစားခင်) ဦးစွာစားလာကြသည်ကို တွေ့ရ၏။ အထူးသဖြင့် နံနက်စာ(Breakfast)ကို သစ်သီးများဖြင့် စတင်စားသောက်ကြပြီး သီးနှံ၏ အရသာထက် ၎င်းတို့၏ ကျန်းမာရေးအကျိုးရလဒ်ကို မျှော်ကိုး၍ စားလာကြပါသည်။


"သစ်သီးများကို မချက်မပြုတ်ဘဲ အစိမ်းစားနိုင်သဖြင့် ချက်ပြုတ်ရာတွင် ပျက်စီးလွယ်သော ဗီတာမင်ဓာတ်များ (ဥပမာ-ဗီတာမင်အေ၊ ဗီတာမင်စီ) ကို သစ်သီးများမှ အများအပြားရနိုင်ပါသည်" ဟူ၍ ကျွန်တော်တို့ပညာပေးကာ သစ်သီးများကို ကျန်းမာရေးတန်ဖိုးထား၍စားရန် တိုက်တွန်းခဲ့ပါသည်။

### မရှိမဖြစ်လိုအပ်သော အမျှင်ဓာတ်

"ဟင်းသီးဟင်းရွက်၊ သစ်သီးများသည် အမျှင်ဓာတ်များရနိုင်၍ ဝမ်းပျော့ပျော့သွားစေပြီး ဝမ်းမှန်စေပါသည်။ သို့ဖြစ်၍ အူအတွင်း ရောဂါများဖြစ်ပွားမှုကို ကာကွယ်လေသည်" ဟူ၍ သီးနှံတို့၏ ကျန်းမာရေးတန်ဖိုးသည် အာဟာရဓာတ်၊ သက်စောင့်ဓာတ်များ ရရှိရုံသာမက ကင်ဆာကဲ့သို့ ရောဂါကြီးများကိုပင် (အထူးသဖြင့် အစာလမ်းကြောင်းတွင် ဖြစ်ပွားသော ကင်ဆာများ) ကြိုတင်ကာကွယ်နိုင်ကြောင်း ယုံကြည်လက်ခံကြ၍ လူတို့စားသုံးရန် မရှိမဖြစ်လိုအပ်သော အမျှင်ဓာတ်(Fibers)များကို စားသုံးရန် တိုက်တွန်းကြရခြင်းဖြစ်ပါသည်။

သို့သော် ကျန်းမာရေးအကျိုးအမြတ်နှင့်အတူ ပြဿနာများလည်း ပူးတွဲပါလာနိုင်သည်ကို သတိချပ်ဖို့လိုပါ၏။ မချက်မပြုတ်ဘဲ အစိမ်းစားနိုင်သည့် သစ်သီးများတွင်ပါလာနိုင်သည့် ရောဂါပိုးများ၊ ပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာအကြွင်းအကျန်များသာမက ခေတ်မီနည်းစနစ်ဖြင့် လှအောင်၊ ချိုအောင်၊ မြန်မြန်မှည့်အောင်ပြုလုပ်ထားသော ဓာတ်ပစ္စည်းများ၏အန္တရာယ်ကို သိရှိထားမှ ဖြစ်ပါမည်။

စားသုံးသူက သိရှိထားရုံ၊ မိမိကိုယ်ကို ကာကွယ်နိုင်ရုံနှင့်မပြီးပါ။ သစ်သီးခြံမှနေ၍ စားသုံးသူပါးစပ်ထဲရောက်သည်အထိ ဆက်စပ်ပတ်သက်နေသော စနစ်တစ်ခုလုံးသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်များမဖြစ်စေရန် ကာကွယ်ပေးထားဖို့လိုပါ၏။ ဤအတွက် သီးနှံမျိုးစေ့မှစ၍ စိုက်ပျိုးပုံ၊ ဆွတ်ခူးပုံ၊ သိုလှောင်ပုံ၊ သယ်ပို့ပုံ၊ လက်ကားရောင်းချပုံ၊ လက်လီရောင်းချပုံအဆုံး စားသုံးသူတို့၏ ကျန်းမာရေးအသိပညာနှင့် သတိပြုကာကွယ်နိုင်မှုတို့သည် အဆင့်တိုင်းတွင် အရေးကြီးလျက်ရှိသည်။




**" သစ်သီးခြံမှနေ၍ စားသုံးသူပါးစပ်ထဲရောက်သည်အထိ ဆက်စပ်ပတ်သက်နေသော စနစ်တစ်ခုလုံးသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်များမဖြစ်စေရန် ကာကွယ်ပေးထားဖို့လိုပါ၏။ ဤအတွက် သီးနှံမျိုးစေ့မှစ၍ စိုက်ပျိုးပုံ၊ ဆွတ်ခူးပုံ၊ သိုလှောင်ပုံ၊ သယ်ပို့ပုံ၊ လက်ကားရောင်းချပုံ၊ လက်လီရောင်းချပုံအဆုံး စားသုံးသူတို့၏ ကျန်းမာရေး အသိပညာနှင့် သတိပြုကာကွယ်နိုင်မှုတို့သည် အဆင့်တိုင်းတွင် အရေးကြီးလျက်ရှိသည် "**

တာဝန်ခံမှု၊ တာဝန်ယူမှုအဆင့်ဆင့်မှ ဦးစားပေးအလေးထားရန်လိုအပ်လာ၏။ ခြံစိုက်တောင်သူမှစ၍ အိမ်ရှင်မတို့အဆုံး အဆင့်ဆင့်အသိပညာရှိမှုလိုအပ်သကဲ့သို့ ကုန်သွယ်စီးပွား ကွင်းဆက်တစ်ရပ်လုံးမှ တာဝန်ရှိရှိဆောင်ရွက်ရန် မူဝါဒနှင့် ဥပဒေများ လိုအပ်လှပေသည်။

သစ်သီးများ တင်ပို့ရောင်းချရာမှ ကူးစက်ရောဂါဖြစ်ပေါ်ခြင်းကား ယခုအခါ ကမ္ဘာ့ပြဿနာဖြစ်လာနေပေပြီ။ လောလောဆယ် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် စတော်ဘယ်ရီသီးများ စားသုံးမိရာမှ အသည်းရောင်အသားဝါ(A)ပိုး ဝင်ရောက်ပြီး ရောဂါရနေသူများရှိလာသဖြင့် ဈေးကွက်ထဲမှ စတော်ဘယ်ရီသီးများကို ဖျက်ဆီးနေရပါသည်။ စတော်ဘယ်ရီသီးများမှာ အခွံနွှာစရာမလို၊ တိုက်ရိုက်စားသုံးရသည်ဖြစ်ရာ ပိုးပါလာပါက အလွယ်တကူ ကူးစက်နိုင်သည်မှာ အမှန်ပင်။ ထို့ပြင် စားသုံးသူထံရောက်ဖို့အတွက် ခရီးစဉ်တစ်လျှောက် ရောဂါပိုးဝင်ရောက်ရန် အခွင့်အရေးများစွာ ရှိနေသည်။

အသည်းရောင်အသားဝါ (A) ပိုးသည် မစင်မှတစ်ဆင့် ကူးစက်သည်။ ရောဂါရှိသူ၏ မစင်မှတစ်ဆင့် ရေထဲ၊ အစာထဲဝင်ရောက်ပြီး အသည်းရောင်ရောဂါကို ဖြစ်စေပါ၏။ သို့သော် လွန်စွာမပြင်းထန်သဖြင့် အချိန်တန်လျှင် ပျောက်ကင်းနိုင်၏။ ကာကွယ်ဆေးများလည်းရှိလာပါပြီ။ လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ခန့်က မြန်မာပြည်တွင် ဖြစ်ပွားခဲ့သော အသည်းရောင်အသားဝါ (A) ပိုး ကူးစက်ပျံ့နှံ့မှုကို သတိရစရာဖြစ်ပါသည်။ ထိုစဉ်က အများဆုံးကူးစက်ပျံ့နှံ့ရာနေရာမှာ မန္တလေးမြို့ ရွှေတစ်ချောင်းမြောင်း ပတ်ဝန်းကျင်တွင် ဖြစ်သည်။

မစင်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုး၊ ဗိုင်းရပ်စ်ပိုးများသည် စတော်ဘယ်ရီသီးများ စားသုံးရာမှ ကူးစက်ခံရသည်ကို အမေရိကန်နိုင်ငံ FDA မှ သတိပေးနေရ၏။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်ကလည်း ဂျာမနီနိုင်ငံတွင် သခွားသီးများ စားသုံးရာမှ ပိုးများပါဝင်သဖြင့် ကျောက်ကပ်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ အရှေ့ဥရောပမှ တင်သွင်းလာသော သခွားသီးများတွင် လူ့မစင်မှပါသော (E.coli) ဗက်တီးရီးယားပိုးများကြောင့် ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

### တန်ဖိုးထားစားသုံးလာ

သို့ဖြစ်၍ သီးနှံများကို ဘေးကင်းအောင် ဆောင်ရွက်ရေးသည် လူတိုင်းကျန်းမာရေးအတွက် အထူးပင်အရေးကြီးသည်ဟု ဆိုရပေမည်။ ယခုအခါ သီးနှံများကို ရှေ့တန်းတင်၍ "မရှိမဖြစ် အာဟာရ" (Dietary Essentials) ဟူ၍ပင် ခေါ်ဆိုနေကြလေပြီ။ တစ်ချိန်က အစားပိတ်အဖြစ် အသုံးချရာမှ ယခု "မရှိမဖြစ်" စားသုံးရန် လိုအပ်သည်ဟု ယူဆခဲ့ရာတွင် သီးနှံများ၊ ဟင်းသီးဟင်းရွက်များတွင် ပါဝင်သော အာဟာရဓာတ်၊ ဗီတာမင်ဓာတ်၊ အမျှင်ဓာတ်သာမက လူတိုင်းအသက်ရှင်ရေးအတွက် လိုအပ်သော ပရိုဘိုင်အိုးတစ်(Probiotics)များ ပါဝင်နေကြောင်း သိရသဖြင့် လူတိုင်းတန်ဖိုးထား စားသုံးလာကြပြီဖြစ်သည်။

ဤသို့ တန်ဖိုးထား စားသုံးလာကြသည်နှင့်အမျှ "သစ်သီးဈေးကွက်"သည်လည်း အထူးပင် အရေးပါလာတော့၏။ လွန်ခဲ့သောရက်ပိုင်းက ထွက်ပေါ်လာသော သတင်းတစ်ရပ်တွင် ထိုင်းနိုင်ငံသည် သစ်သီးများ တင်ပို့ရောင်းချ၍ တစ်နှစ်တာ၏ဝင်ငွေ ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံကျော် ရရှိလာကြောင်း တွေ့ရ၏။ "Thailand Fruit Exports are riding the Health Trend" "ကျန်းမာရေးဦးစားပေး လှိုင်းပေါ်စီး၍ ထိုင်းတို့သစ်သီးတင်ပို့ခြင်း" ဟူ၍ အမည်တပ်ထားလေသည်။

ထိုင်းနိုင်ငံမှ သစ်သီးများသည် ဂျပန်နိုင်ငံတွင် မျက်နှာပန်း လှနေပါ၏။ ယခင်က သရက်သီးမျှသာ ဈေးကွက်ဝင်သော်လည်း ယခုအခါ ထိုင်းထွက် ဒူးရင်းသီး၊ မင်းကွတ်သီး စသည့် သစ်သီးများသာမက အုန်းသီးနှင့် အုန်းရည်များပင် ဈေးကြီးကြီးနှင့် ရောင်းချ၍ ရနေပေသည်။ သူတို့နိုင်ငံတွင် ခေတ်မီနည်းဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ရောင်းချရာ၌ သစ်သီးများသည်သာမက ဖျော်ရည်များ၊ သစ်သီးခြောက်များ၊ တန်ဖိုးမြှင့် သစ်သီးထုတ်ကုန်များပါ ဘက်စုံပါဝင်နေလေသည်။

အရေးကြီးသည့်အချက်မှာ ကမ္ဘာ့ဈေးကွက်ထဲသို့ ထိုးဖောက်ရာတွင် "အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး" ဆိုင်ရာ စီမံခန့်ခွဲမှုများ ရေပက်မဝင်နိုင်အောင်နှင့် လုံလုံခြုံခြုံပြည့်စုံဖို့ ကြိုးစားကြရပါမည်။ အမှန်တော့ ထိုင်းနိုင်ငံမှ တစ်ဆင့်ထွက်သော သီးနှံများထဲတွင် မြန်မာ့မြေမှာ စိုက်ပျိုးထွက်ရှိခဲ့သောသီးနှံများပါမည်မှာ အမှန်ပင်။

မြန်မာ့ရေမြေသဘာဝသည် သီးနှံများအတွက် သင့်တော်လှသော ရတနာမြေပင်ဖြစ်သည်။ မြန်မာ့သစ်သီးများသည်လည်း ဈေးကွက်ဝင်ပြီးဖြစ်သည်။ အထူးသဖြင့် စိန်တစ်လုံးသရက်သီးကို တရုတ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ စိန်တစ်လုံးမတိုင်မီက မြကျောက် သရက်သီးများမှာလည်း နိုင်ငံခြားဈေးကွက်ရှိခဲ့၏။ မြန်မာပြည်ထွက် ဖရဲသီးများ၊ သခွားမွှေးသီးများမှာလည်း နိုင်ငံခြားတင်ရန် မျက်နှာပန်းလှပါသည်။ ထိုသစ်သီးများကို ကျော်လွှား၍ နာမည်ထွက်လာသောသစ်သီးမှာ ထောပတ်သီးပင်ဖြစ်ပါ၏။ ဥရောပဈေးကွက်အထိ ဝင်ဆံ့နေသည်ကို တွေ့ရ၏။

မြန်မာ့ထောပတ်သီး၏ နိုင်ငံခြားဈေးကွက်အကြောင်း စဉ်းစားနေစဉ်မှာပင် ၅-၆-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေဖြင့် ထောပတ်ခြံများ၌ ပိုးမွှားစစ်တမ်း သုတေသနပြုလုပ်မည်" ဟူသော ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ပါရှိလာသည်။

### တိုင်းပြည်၏ကြိုးစားအားထုတ်မှုကို ထင်ဟပ်

"ပိုးမွှားစစ်တမ်း သုတေသနလုပ်ဆောင်သည့်အတွက် ထောပတ်သီးတွင် မည်သည့်ပိုးများပါရှိပြီး ယင်းဖျက်ပိုးများသည် လက်ခံနိုင်သည့်ဖျက်ပိုးဟုတ်/မဟုတ်နှင့် မဟုတ်ပါက မည်သို့နှိမ်နင်းရမည်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါသုတေသနအစီအစဉ်သည် တရုတ်နိုင်ငံသို့ Export တင်ပို့ရန်အတွက်သာ မဟုတ်ဘဲ အခြားနိုင်ငံဈေးကွက်များအတွက်ပါ အရေးကြီးကြောင်း၊ ထို့ကြောင့် ယခုအချိန်မှစ၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်းသတင်းတွင် တိုင်းပြည်၏ကြိုးစားအားထုတ်မှုကို ထင်ဟပ်ပြသနေသဖြင့် ဝမ်းမြောက်စရာပင်ဖြစ်သည်။

တစ်ချိန်က စိုက်ပျိုးရေးဆိုင်ရာ သတင်းများသည် ကျယ်ကျယ်ပြန့်ပြန့်မရှိဘဲ စိတ်ဝင်စားသူအချို့နှင့်သာ သက်ဆိုင်သော သတင်းများဖြစ်ပါ၏။ သီးနှံဈေးနှုန်းများမှာလည်း ဝယ်သူအကြိုက် (ပွဲစားအကြိုက်) ဖြစ်ခဲ့၏။ စားသုံးသူတို့အတွက်မူ ဈေးသည်ရောင်းသော ဈေးနှုန်းနှင့် သီးနှံအခြေအနေကို မလွှဲမရှောင်သာ လက်ခံကြရုံသာရှိပါ၏။ အထူးသဖြင့် ပြည်တွင်းသို့ တင်သွင်းလာသော သီးနှံများ၊ ကုန်စိမ်းများကို စနစ်တကျ သေသေချာချာ စစ်ဆေးရန် အခွင့်မသာခဲ့ချေ။ နိုင်ငံခြားဈေးကွက်က မြန်မာ့သီးနှံများကို တင်းကျပ်စွာစစ်ဆေးပြီးမှ လက်ခံကြသော်လည်း မြန်မာပြည်တွင်းမှ စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းမှု (Safety) ဖြစ်စေရန် အဘက်ဘက်က လိုအပ်ချက်များရှိခဲ့သည်။

သီးနှံဈေးကွက်အကြောင်းရေးရင်းဖြင့် သားငယ်ငယ်က စိုးရိမ်တကြီး ဖြစ်ခဲ့ပုံကို သတိရမိ၏။

"ဖေဖေ၊ ဖရဲသီးစားရင် AIDS ဖြစ်သလား"

" မဖြစ်နိုင်ပါဘူး သားရယ်၊ ကြံကြံဖန်ဖန်"

"ဖေဖေတို့ပဲ ပညာပေးခဲ့ကြတယ်လေ။ ဆေးထိုးအပ်အဟောင်းတွေကို ပြန်သုံးရင် အပ်ထဲမှာ HIV ပိုးတွေပါပြီး ကူးရင် AIDS ဖြစ်တယ်ဆို"

"ဟုတ်တယ်လေ။ မူးယစ်ဆေးအကြောထဲထိုးတဲ့သူတွေရဲ့ သုံးပြီးသားအပ်တွေမှာ ပိုးတွေကပ်နေနိုင်လို့ပါ"

"သားသူငယ်ချင်းတွေက ပြောကြတယ်။ ဖရဲသီးတွေထဲကို ဆေးထိုးအပ်တွေနဲ့ ဘာတွေထိုးထည့်သလဲ မသိဘူး။ အပ်မသန့်လို့ ပိုးကူးရင် ဒုက္ခပဲ"

ဤသို့ သားအဖနှစ်ယောက် ဖရဲသီးနှင့် ဆေးထိုးအပ်ကိစ္စ ခေါင်းစားခဲ့ရလေသည်။ အခုနောက်ပိုင်း ဆေးစိမ်ငှက်ပျောသီးကိစ္စ၊ ဆေးတို့လိမ္မော်သီးကိစ္စများကိုတော့ ဆွေးနွေးဖို့အချိန်ယူရဦးမည် ဖြစ်ပါသည်။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် မိုးစပါးစိုက်တောင်သူများအား ဆင်းသုခမျိုးစပါး(RS)နှင့် သဘာဝမြေဩဇာများ ထောက်ပံ့

**ဘားအံ ဇွန် ၁၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းမှ မိုးစပါးစိုက်တောင်သူများအား ဆင်းသုခမျိုးစပါး (RS) နှင့် သဘာဝမြေဩဇာများကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ဇွန် ၁၈ ရက်တွင် ထောက်ပံ့ပေးအပ်သည်။

**တစ်ဧကအထွက်နှုန်း တိုးတက်ရေး**

လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ မျိုးစပါးနှင့် မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတို့ပြည်နယ်သည် စိုက်ပျိုးမွေးမြူရေးကို အဓိကထား လုပ်ကိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ရာ မြေမှန်၊ မျိုးမှန်၊ စိုက် နည်းမှန်၊ ရာသီမှန်အောင် စိုက်ပျိုးလုပ်ကိုင်ကြရန် လိုကြောင်းနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးဆိုင်ရာ နည်းလမ်းများကို အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်ဝန်ကြီးများက လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အင်းနို့သိပ်ပွဲ၊ သမ္ဘာန်၊ ထီလုံ၊ ရွှေဂွန်း၊ ကော့လှိုင်း၊ ကော့မြတ်ကြီး၊ ကမော့ကချူး၊ ကွမ်တာ၊ ဒိုင်းပြ၊ ပိန္နဲတော အစရှိသည့် ကျေးရွာများမှ မိုးစပါးစိုက်တောင်သူများအား ဆင်းသုခမျိုးစပါး (RS) နှင့် သဘာဝမြေဩဇာများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသော တောင်သူလယ်သမား ၁၂၆ ဦးက လယ်ယာလုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့် အခြေအနေများနှင့် လိုအပ်ချက်များကို အကျိုးဆောင်တောင်သူများမှတစ်ဆင့် တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သဘာဝမြေဩဇာအိတ် ၂၀၀ ထောက်ပံ့**

လှိုင်းဘွဲ့မြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ မိုးစပါး ၁၂၀၈၁၃ ဧက စိုက်ပျိုးရန်လျာထားပြီး တစ်ဧကနှုန်းတိုးတက်ရေးနှင့် လျာထားစိုက်ဧက ပြည့်မီကျော်လွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် နီးနွယ်ဆက်စပ်သော ဌာနဆိုင်ရာများ၊ အကျိုးဆောင်တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ယနေ့အခမ်းအနားတွင် ဆင်းသုခ (RS) မျိုးစပါးတင်း ၂၀၀ နှင့် ၅၀ ကီလိုဂရမ်အလေးချိန်ရှိ သဘာဝမြေဩဇာအိတ် ၂၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## မြစ်ကြီးနားၓ မြန်မာနိုင်ငံ လူမှုကူညီကယ်ဆယ်ရေးအသင်း ကချင်ပြည်နယ်တာဝန်ခံရုံး ဖွင့်လှစ်

**မြစ်ကြီးနား ဇွန် ၁၉**

မြစ်ကြီးနားမြို့ ဆွတ်ငိုင်တော်(စီတာပူ) ရပ်ကွက်အတွင်းရှိ Rest In Peace Group နှင့် မြန်မာနိုင်ငံလူမှုကူညီကယ်ဆယ်ရေးအသင်း(Myanmar Rescue Kachin) ကချင်ပြည်နယ်တာဝန်ခံရုံးသစ် အဆောက်အအုံဖွင့်ပွဲကို ဇွန် ၁၈ ရက်က ကျင်းပရာ အဆောက်အအုံသစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ သိက္ခာတော်ရ ဦးမဒိန့်ဇန်ဇုန်းကျန်း၊ သိက္ခာတော်ရ ဦးJZ ဂျုံးခေါင်၊ အသင်းဥက္ကဋ္ဌ ဦးညီညီထွေး(ခ) ဦးဂျပ်မုန်ဒွဲလတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် ဆုတောင်းဆက်ကပ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ သိက္ခာတော်ရဆရာများက ကောင်းချီးတောင်းခံ ဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းများ သီဆိုခြင်း၊ ဒေသနာတော်ကြားနာခြင်းများ ဆောင်ရွက်ခဲ့ကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က အသင်းအတွက် ထောက်ပံ့ငွေကျပ် ၁၄ သိန်းကို ပေးအပ်လှူဒါန်းသည်။

ပြည်နယ် (ပြန်/ဆက်)

# ကမ်းပြိုကာကွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပန်းတောင်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း ကမ်းပြိုကာကွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ဇွန် ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပန်းတောင်းမြို့နယ် ကျွဲရဲကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၀ ဖြင့် ဆောင်ရွက်လျက်ရှိသော ဘုရားချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ တောင်ဘွေကျေးရွာ အုပ်စုရှိ ရောဝတီမြစ်ကမ်းဘေး မြေနုကျွန်းပေါ်၌ မိုးနေကြာမျိုးစေ့ထုတ်သီးသန့်စိုက်ခင်း ၂၄ ဧကနှင့် မြောင်ရှည်ကျေးရွာ၌ မိုးနှမ်း ကိုးဧက စိုက်ပျိုးအောင်မြင်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးနှင့် ပတ်သက်၍ ရာသီအလိုက် ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ ရရှိရေးဆောင်ရွက်ရန်နှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ အသိပညာပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်နဝင်းဆည်မှ ရေပိုရေလျှံများ လေလွင့်ဆုံးရှုံးမှုမရှိရေးနှင့် ၂၀၂၂-၂၀၂၃ နွေစပါးတိုးချဲ့ စိုက်ပျိုးနိုင်ရေး CL-13(A-1) ရေပေးမြောင်းအရှည်ပေ ၂၀၀၀ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများအတွက် အလွန်အကျိုးရှိပြီး နွေစပါးတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် အမှန်တကယ် လိုအပ်သော ရေပေးမြောင်းဖြစ်၍ သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် မော်ဇာကျေးရွာ၊ ပေါက်ခေါင်းမြို့နယ် ငါးခူအိုင်ကျေးရွာအုပ်စုနှင့် အင်ငါးခွကျေးရွာအုပ်စုတို့၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တင်စိုး**
**(ပဲခူး)**

# ဇမ္ဗူသီရိမြို့နယ် သူနာပြုသင်တန်းကျောင်း၌ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူလေ့ကျင့်

**ဇမ္ဗူသီရိ ဇွန် ၁၉**

နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံးက ကြီးမှူး၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး ဟောပြောပွဲနှင့် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူလေ့ကျင့်မှုကို ဇွန် ၁၇ ရက်က ဇမ္ဗူသီရိမြို့နယ် သူနာပြုသင်တန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက နေပြည်တော်ကောင်စီနယ်မြေသည် စစ်ကိုင်းပြတ်ရွေ့ကြောကြီးပေါ်၌ တည်ရှိနေ၍ မည်သည့်အချိန်/နေရာတွင် ငလျင်လှုပ်မည်ကို ကြိုတင်ခန့်မှန်းမရသည့်အတွက် အခြားဘေးများထက် ငလျင်ဘေးအန္တရာယ်က ပိုမိုအလေးထား စီမံဆောင်ရွက်ရမည့် ဘေးအန္တရာယ်တစ်ခုဖြစ်ကြောင်း၊ ငလျင်ဘေးအန္တရာယ်ကို ပြည်သူအားလုံး အသိ၊ သတိနှင့် ကြိုတင် ကာကွယ်ရန် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထိရောက်ဆုံးနည်းလမ်းကောင်းများဖြင့် ပြည်သူအားလုံးဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားစေရေးအတွက် ယခုလို သဏ္ဌာန်တူလေ့ကျင့်မှုများကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပြုလုပ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန နေပြည်တော်တိုင်းဦးစီးမှူး ဦးကျော်ကျော်ထွန်းက ငလျင်လေ့ကျင့်မှုပြုလုပ်သည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးက ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များကိုလည်းကောင်း သူနာပြုသင်တန်းကျောင်းမှ ကျောင်းသူများအား ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲအပြီးတွင် ငလျင်သရုပ်ပြလေ့ကျင့်မှုကို ပြုလုပ်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ပရဟိတအဖွဲ့များ၊ သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# စလင်းမြို့နယ်၌ ယူရီးယားဓာတ်မြေသြဇာတစ်အိတ်လျှင် ကျပ် ၈၉၁၀၀ နှုန်းဖြင့် ရောင်းချ

**စလင်း ဇွန် ၁၉**




စလင်းမြို့နယ်အတွင်းရှိ မိုးစပါး စိုက်ပျိုးမည့် တောင်သူလယ်သမားများအတွက် ယူရီးယား ဓာတ်မြေသြဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးရန်အတွက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဓာတ်မြေသြဇာအရောင်းဆိုင်များကို ဇွန် ၁၈ ရက်က ကွင်းဆင်းစစ်ဆေးသည်။

တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးမောင်၊ စလင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်နှင့် တာဝန်ရှိသူများက ယူရီးယား ဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချမည့် ဟိန်းထက်မင်း ဓာတ်မြေသြဇာအရောင်းဆိုင်နှင့် ရွှေသြဇာဓာတ်မြေသြဇာအရောင်းဆိုင်တို့တွင် ယူရီးယား ဓာတ်မြေသြဇာများ ရောက်ရှိနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက ဓာတ်မြေသြဇာအရောင်း ကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ တောင်သူလယ်သမားများ လက်ဝယ်အရောက် စိုက်ပျိုးချိန်အမီ ရောင်းချပေးနိုင်ရေး ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေ တောင်သူများ အရည်အသွေးပြည့်မီသော ယူရီးယားဓာတ်မြေသြဇာများကို ဈေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးချိန်အမီ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီများထံ ယူရီးယားဓာတ်မြေသြဇာ ဝယ်ယူခွင့်လက်မှတ်များ ထုတ်ပေးခဲ့ပြီး တောင်သူများအနေဖြင့် စလင်းမြို့ရှိ ဟိန်းထက်မင်းဓာတ်မြေသြဇာအရောင်းဆိုင်နှင့် ရွှေသြဇာ ဓာတ်မြေသြဇာ အရောင်းဆိုင်တို့တွင် ယူရီးယားဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၈၉၁၀၀ နှုန်းဖြင့် သွားရောက်ဝယ်ယူနိုင်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# ချောက်မြို့နယ်၌ လယ်မြေဧက ၅၀၀ ကျော် အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်နေ

**ချောက် ဇွန် ၁၉**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များကို ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကန်ရေလေးကျေးရွာတွင် လယ်မြေဧက ၅၅၀ အကျိုးပြုမည့် ကုန်ထုတ်လမ်း ဖောက်လုပ်လျက်ရှိသည်။

ကန်ရေလေးကျေးရွာ ကုန်ထုတ်လမ်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၈ ရက်က မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်း ကြီးကြပ်ခဲ့ရာ တာဝန်ယူဆောင်ရွက်သော သက်ဆိုင်ရာကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်အကြံပြုမှာကြားသည်။




ကန်ရေလေးကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အရှည် ပေ၃၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ တစ်ပေထု၊ မြေနီကျောက်စရစ် ကိုးလက်မထု ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၇ သန်းဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ရာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လမ်းပြီးစီးပါက ကျေးရွာရှိ လယ်မြေဧက ၅၅၀ အကျိုးပြုမည်ဖြစ်ပြီး အဆိုပါ လယ်ယာများမှ ထွက်ရှိသော လယ်ယာထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးဦးစိုးမောင်ထံမှသိရသည်။ **မယ်သင်း**

# ရေတိုက်စားမှုကြောင့် လမ်းတစ်ခြမ်းနိမ့်ကျသွားသော ကားလမ်းမကြီးကို အမြန်ဆုံးပြုပြင်လျက်ရှိ

**မော်လမြိုင်ကျွန်း ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် မော်ကျွန်း-ရန်ကုန် ကားလမ်းမကြီး၏ မိုင်တိုင်အမှတ် ၄၄/၁ နှင့် ၄၄/၂ အကြားတွင် ဇွန် ၁၈ ရက် နံနက်ပိုင်းက ရေတိုက်စားမှုကြောင့် လမ်း၏ ယာဘက်ခြမ်း ပေ ၅၀ ခန့် နိမ့်ကျသွားသည်။

ရေတိုက်စားမှုကြောင့် လမ်းနိမ့်ကျသွားသောနေရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးမှုများပြုလုပ်ပြီး ပြည်သူများ သွားလာမှုအဆင်ပြေစေရေးနှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် လူအား၊ စက်အားဖြင့် ပြုပြင်မှုများ အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းနိမ့်ကျသွားသောနေရာတွင် သစ်သားတိုင်များစိုက်၍ ကျောက်တုံးကြီးများ၊ သဲအိတ်များ အသုံးပြုကာ ထပ်မံပျက်စီးမှုများ မဖြစ်ပေါ်စေရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး**



# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေး လွိုင်လင်မြို့၌ အသိပညာပေးဟောပြော

**သီပေါ ဇွန် ၁၉**

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်လှိုင်းဝေက နှုတ်ခွန်းဆက်စကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းဌေးက အသိပညာပေးဟောပြောပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမော်က ကျား/မ အခြေပြု အကြမ်းဖက်မှုကိစ္စရပ်များကိုလည်းကောင်း၊ လွိုင်ခမ်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က အမျိုးသမီးများအကြမ်းဖက်မှုပပျောက်ရေးဥပဒေဖြင့် ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။ ဟောပြောပွဲသို့ မြို့ပေါ်ရပ်ကွက် ကျေးရွာများမှ အမျိုးသမီး ၁၂၀ ကျော် တက်ရောက်ကြပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**စိုင်း (သီပေါ)**

# ကွတ်ခိုင်မြို့နယ် ကျေးရွာ ၁၀ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ကွတ်ခိုင် ဇွန် ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်တင်လတ်ထံမှ သိရသည်။

မြို့နယ်အတွင်းရှိ အောက်ပုန်းထွန်၊ ပန်ဆေး၊ မန်မောင်၊ နမ့်ခုံ၊ နမ့်ဟူးအွန်၊ ခိုလုံ၊ ဟိုကျန့်၊ မန်နောင်၊ နမ့်ဟူးလုံ၊ မော်ဟန် စသည့် ကျေးရွာ ၁၀ ရွာတွင် စီမံကိန်းထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ နှင့် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်းလမ်းခင်းခြင်းလုပ်ငန်း၊ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း၊ ကျေးလက်မီးလင်းရေးနှင့် ရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကျေးရွာကော်မတီဖွဲ့စည်းခြင်းနှင့် သင်တန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဦးစီးမှူးက ပြောသည်။

**သန်းလွင်(မကွေး)**

# ထိုင်းနိုင်ငံသို့ရောက်ရှိနေသော မြန်မာလူငယ် ကိုးဦးအား ပြန်လည်လွှဲပြောင်းပေးအပ်

**မြဝတီ ဇွန် ၁၉**

ထိုင်းနိုင်ငံ စုန်ခရာခရိုင် လူဝင်မှုကြီးကြပ်ရေးဌာန ထိန်းသိမ်းရေးစခန်းတွင် ရောက်ရှိနေသော မိဘအုပ်ထိန်းသူမပါရှိသည့် မြန်မာလူငယ်ကိုးဦးတို့အား မြဝတီခရိုင် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန လက်အောက်ရှိ ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာသို့ ဇွန် ၁၈ ရက်တွင် မြဝတီမြို့ ချစ်ကြည်ရေးတံတားအမှတ်(၂)၌ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ထိုသို့လွှဲပြောင်းပေးအပ်ရာတွင် ထိုင်းနိုင်ငံမှ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက မြန်မာရွှေ့ပြောင်းလူငယ်နှင့် ကလေး ကျား သုံးဦး၊ မ ခြောက်ဦး စုစုပေါင်းကိုးဦးတို့အား မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်၊ မြဝတီခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟနိုင်နှင့် တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကာ ၎င်းတို့အား မြဝတီမြို့ရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၌ ခေတ္တလက်ခံစောင့်ရှောက်ထားရှိပြီးနောက် ၎င်းတို့၏ မိဘဆွေမျိုးများရှိရာ နေရာများသို့ ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ-ထိုင်း နှစ်နိုင်ငံ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နယ်စပ်ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးဆောင်ရွက်ချက်အရ ယခုကဲ့သို့ လူငယ်နှင့် ကလေးများအား ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲ တက်ရောက် စိုက်ပျိုးပေး

လွိုင်ကော် ဇွန် ၁၉

၂၀၂၂ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက်က လွိုင်ကော်မြို့ လွိုင်ကော်တက္ကသိုလ်ပရဝဏ်အတွင်းကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာများ၊ လွိုင်ကော်တက္ကသိုလ်မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။




ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲအတွက် ပျိုးပင်များကို ဖြန့်ဝေပေးအပ်ရာ လွိုင်ကော်တက္ကသိုလ် ပါမောက္ခချုပ်၊ ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တက္ကသိုလ်ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲ အထိမ်းအမှတ် သစ်ပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြပြီး စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကယားပြည်နယ် သစ်တောဦးစီးဌာနအနေဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များအတွက် ဒေသမျိုးရင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ ပါဝင်သည့် လူထုဖြန့်ပျိုးပင် ၁၀၂၅၀၀ ကို ပျိုးထောင်ထားပြီး ယခု မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပွဲတွင် ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကံ့ကော်၊ ဂနိ၊ ခရေ စသည့်သစ်မျိုးပင် စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မဟော် ၁၃ မျိုး စုစုပေါင်း ၂၃၀၄ ပင် ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကိုဇင်(လွိုင်ကော်)

## လာအိုနိုင်ငံရောက် နေရပ်ပြန်ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား ဝမ်ပုံဆိပ်ကမ်း၌ ကြိုဆိုလက်ခံ

တာချီလိတ် ဇွန် ၁၉

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ် မြို့နယ် ဝမ်ပုံဆိပ်ကမ်း၌ လာအိုနိုင်ငံတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများကို ဇွန် ၁၇ ရက်က လာအိုနိုင်ငံ မိန်းမောဆိပ်ကမ်းမှတစ်ဆင့် တာချီလိတ်မြို့နယ် မိုင်းဖုန်း (က) ကျေးရွာအုပ်စုရှိ ဝမ်ပုံဆိပ်ကမ်းသို့ တာဝန်ရှိသူများက လွှဲပြောင်းပေးရာ မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံသည်။

အဆိုပါ လာအိုနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမား အမျိုးသား ၁၄၉ ဦး၊ အမျိုးသမီး ၄၀ စုစုပေါင်း ၁၈၉ ဦးတို့ကို ကျိုင်းတုံမြို့ ဝစီပိတ်ဆရာတော်၏ ကူညီစောင့်ရှောက်မှုဖြင့် တာချီလိတ်ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက နေရပ်ဒေသအသီးသီးသို့ ပြန်လိုကြသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများကို ကြိုဆိုလက်ခံဆောင်ရွက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထိုနေရပ်ပြန် ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက RDT Test Kit များဖြင့် စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး ဟောင်လိတ်ရပ်ကွက်ရှိ စံလင်းဖြိုး Quarantine Center တွင် ခုနစ်ရက်ခန့် ထားရှိကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးရာတွင် ရောဂါပိုးမတွေ့ရှိသူများအား စံလင်းဖြိုး Quarantine Center ၌ သုံးရက်ခန့်ထားရှိကာ ဒုတိယနှင့် တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရာတွင် ရောဂါပိုး မတွေ့ရှိသူများကို ၎င်းတို့၏ နေရပ်ဒေသများသို့ ခရိုင် / မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက မော်တော်ယာဉ်များ စီစဉ်ပေး၍ ကူညီပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဇင်ယော် (တာချီလိတ်)

## ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရန် ၁၈၆၄ စင်တီမီတာ ရောက်ရှိလာ

ညောင်ဦး ဇွန် ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇွန် ၁၉ ရက် နံနက် ၆ နာရီခွဲ တိုင်းတာချက်အရ ဧရာဝတီမြစ်ရေမှတ်သည် ၁၈၆၄ စင်တီမီတာသို့ တဖြည်းဖြည်းရောက်ရှိလာကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ညောင်ဦးခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၆ နာရီခွဲ တိုင်းတာချက်အရ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာ အောက်သာ ရောက်ရှိနေသေးပြီး စိုးရိမ်ရေမှတ် ရောက်ရှိရန် ၂၅၆ စင်တီမီတာ လျော့နည်းကြောင်း၊ ယနေ့နံနက် ဧရာဝတီမြစ်ရေ တိုင်းတာချက် အရ ၁၈၆၄ စင်တီမီတာရှိနေကာ ဆက်လက်မြင့်တက်လာ နိုင်ကြောင်း ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် အခြေအနေများကို ညောင်ဦးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နေ့စဉ် မြစ်ရေကြီးမှု အခြေအနေကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်းကာ သတင်းထုတ်ပြန် ပေးလျက်ရှိကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်ထံမှ သိရသည်။ ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေတိုင်းတာခြင်းကို တစ်ရက်သုံးကြိမ် တိုင်းတာကြောင်း၊ စိုးရိမ်ရေမှတ်ရောက်ရန် ၁၀၀ စင်တီမီတာရောက်ရှိချိန်တွင် မြစ်ရေကြီးသတိပေးချက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။



ဝင်းထိန်(ပြန်/ဆက်)

## တောင်ငူ၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ပေးအပ်



တောင်ငူ ဇွန် ၁၉

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ တောင်ငူမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားလုပ်ငန်းခွင် ပြင်ပတာဝန်ထမ်းဆောင်နေစဉ်အတွင်း ထိခိုက် သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အာမခံအလုပ်သမားမီးဖွားမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်၊ မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်တို့ ခွင့်ပြုထုတ်ပေးခြင်းကို ဇွန် ၁၈ ရက် က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်စိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တောင်ငူမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အာမခံအလုပ်သမား ဦးကျော်ဝင်းလတ်၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ငွေကျပ်သိန်း ၉၀ ကို ဇနီးဖြစ်သူ ဒေါ်မြတ်မွန်အေးထံသို့ လည်းကောင်း၊ Brac Myanmar Microfinance Co.,Ltd မှ အာမခံအလုပ်သမား ဒေါ်သိမ့်သိမ့်ဝင်း၏ မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့် ငွေကျပ် ၆၈၉၀၀၀ နှင့် အခြားကျန်ရှိသည့် မကျန်းမာမှု၊ မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်တို့ကို ကာယကံရှင်များထံသို့ ပေးအပ်ရာ စုစုပေါင်းငွေကျပ် ၁၂၀ သိန်း ခြောက်သောင်းကျော် ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ကိုလွင်(ဆွာ)

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။



# နောင်မွန်း-မချမ်းဘော့-ပူတာအိုကားလမ်းမကြီးဘေး၌ ချောင်းရေတိုက်စားမှု အခြေအနေ ကွင်းဆင်းစစ်ဆေး

**ပူတာအို ဇွန် ၁၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ခံ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်သည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီး၊ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၇ ရက်က နောင်မွန်းမြို့နယ်အတွင်းရှိ ကဆန်ချောင်း ရေတိုက်စား၍ ကားလမ်းပျက်စီးနေမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးသည် နောင်မွန်း-မချမ်းဘော့-ပူတာအိုကားလမ်းမကြီးဘေး ကဆန်ဒမ်းနှင့် ရပ်ဘော့ကျေးရွာကြား၊ ရပ်ဘော့နှင့် တဆယ်ထု ကျေးရွာကြားတို့တွင် ကဆန်ချောင်းရေတိုက်စားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး (ယာယီ) ကားလမ်း ဘေးတွင် ရေတိုက်စားထားခြင်းဖြစ်သော ကြောင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေး အတွက် ကန့်သတ်အမှတ်အသားများ ပြုလုပ်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် မချမ်းဘော့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်စွန့်ပစ်ကန် ဆောင်ရွက်သွားမည့် မြေနေရာကိုလည်းကောင်း၊ မြို့မဈေးတွင် ပြည်သူများလွတ်လပ်စွာ ရောင်းဝယ် ဖောက်ကားနေမှုနှင့် ဈေးခြံစည်းရိုးကာရံနိုင်ရေး လိုအပ်ချက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေး သည်။ ယင်းနောက် ဂူဘားရိပ်သာတွင် မြို့နယ်



စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ နှင့်ပတ်သက်၍ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ခရိုင် (ပြန်/ဆက်)

## “နဝမတန်းဖြေဆိုပြီးချိန်ကစပြီး ကျက်စာတွေကျက်ခဲ့ပါတယ်။ ကျောင်းပိတ်ချိန်မှာ ရုပ်မြင်သံကြားက ထုတ်လွှင့်တဲ့ ပညာရေးသင်ခန်းစာတွေကို လေ့လာခဲ့ပါတယ်”

မငြိမ်းမို့မို့ထွန်း (ဝိဇ္ဇာဘာသာတွဲ မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ပထမရရှိသူ)

### ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးပထမရရှိသူ ခြောက်ဘာသာဂုဏ်ထူးရှင် မငြိမ်းမို့မို့ထွန်းနှင့် တွေ့ဆုံမေးမြန်းခြင်း

တွေ့ဆုံမေးမြန်းသူ- မျိုးဝင်းညို၊ ဇင်ဇင်အောင်



၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာ တစ်နိုင်ငံလုံး အမှတ်အများဆုံး ပထမရရှိသူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် အထက (သစ်ရာမြိုင်) ကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မငြိမ်းမို့မို့ထွန်းနှင့် ဇွန် ၁၉ ရက်က တွေ့ဆုံ မေးမြန်းခဲ့သည်။

**မေး ။ ။ သမီးအနေနဲ့ ခြောက်ဘာသာဂုဏ်ထူးရရှိအောင် ပြင်ဆင်ကြိုးစားခဲ့ပုံကို ပြောပေးပါ။**

ဖြေ ။ ။ သမီးက နဝမတန်းဖြေဆိုပြီးချိန်ကစပြီး ကျက်စာတွေ ကျက်ခဲ့ပါတယ်။ ကျောင်းပိတ်ချိန်မှာ ရုပ်မြင်သံကြားက ထုတ်လွှင့်တဲ့ ပညာရေးသင်ခန်းစာတွေကို လေ့လာခဲ့ပါတယ်။ ကျောင်းစဖွင့်တော့လည်း ဆရာ ဆရာမတွေ နေ့စဉ်သင်ကြားတဲ့ သင်ခန်းစာတွေကို အာရုံစူးစိုက်နားထောင်ပြီး ပုံမှန်ကျက်မှတ်ခဲ့ ပါတယ်။

**မေး ။ ။ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ပြီး တစ်နိုင်ငံလုံးမှာ အမှတ်အများဆုံးရရှိတဲ့အတွက် ဘယ်လိုခံစားရပါသလဲ။**

ဖြေ ။ ။ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ပြီး မြန်မာတစ်နိုင်ငံလုံးမှာ အမှတ်အများဆုံး ရရှိတဲ့အတွက် ပြောမပြနိုင်လောက် အောင်ဝမ်းသာပါတယ်။ ဆရာ ဆရာမတွေ၊ အဘိုးအဘွားတွေ၊ မိခင်နဲ့ ဆွေမျိုးတွေလည်း ဝမ်းသာနေကြပါတယ်။ သမီးကို ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တဲ့ မိခင်နဲ့ ဂုဏ်ထူးရအောင် သင်ကြားပေးတဲ့ ဆရာ ဆရာမတွေကိုလည်း အထူးကျေးဇူးတင် ပါတယ်။

**မေး ။ ။ တက္ကသိုလ်ဝင်စာမေးပွဲမှာ အမှတ်ကောင်းကောင်းနဲ့ အောင်မြင်တဲ့အတွက် သမီးရဲ့ ရည်မှန်းချက်ကိုလည်း ပြောပေးပါ။**

ဖြေ ။ ။ သမီးကတော့ နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်တဲ့ ကျောင်းသား ကျောင်းသူတွေကို မွေးထုတ်ပေးမယ့် ပညာရေးတက္ကသိုလ်တက်ဖို့ ရည်ရွယ်ထားပြီး Ph.D ဘွဲ့ယူဖို့အထိ မှန်းထား ပါတယ်။

**မေး။ ။ သမီးအနေနဲ့ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကို အကြံပြုချက် တိုက်တွန်းချက်လေး ပြောပေးစေလိုပါတယ်။**

ဖြေ ။ ။ သမီးလို ဆရာ ဆရာမများရဲ့ သင်ကြားမှုကို ဂရုတစိုက် လေ့လာကျက်မှတ်ဖို့နဲ့ မိဘများရဲ့ ဆိုဆုံးမမှုကိုနားထောင် ကြပြီး မိမိတို့တက်လှမ်းလိုတဲ့ ပန်းတိုင်ရောက်အောင် ကြိုးစားကြပါလို့ အကြံပြုတိုက်တွန်းလိုပါတယ်။ ။

# အမ်းမြို့နယ်၌ ဒီရေတောပင်နှင့် အရိပ်ရပင်များ တစ်အုပ်တစ်မစိုက်ပျိုး

**အမ်း ဇွန် ၁၉**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ သဘာဝ ပတ်ဝန်းကျင် စိမ်းလမ်းစိုပြည်ရေးအတွက် မိုးရာသီ ဒီရေတောပင်နှင့် အရိပ်ရပင်များ တစ်အုပ်တစ်မစိုက်ပျိုးပွဲကို မြို့နယ်သစ်တော ဦးစီးဌာနက ကြီးမှူး၍ အမ်း-စစ်တွေ ကားလမ်းအနီး ကံ့ကော်တစ်ထောင်ဘုရား ကုန်းနှင့် စနဲကျေးရွာ ဒီရေတောတို့တွင် ဇွန် ၁၈ ရက်က ပြုလုပ်သည်။

မိုးရာသီ ဒီရေတောပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်းစီမံချက်အရ အမ်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မြင့် နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်း များ၊ ရွာသာယာကျေးရွာမှ ကျေးရွာသူကျေးရွာ သားများ စုစုပေါင်း ၈၀ ခန့်က အမ်း- စစ်တွေကားလမ်းအနီး ကံ့ကော်တစ်ထောင်




ဘုရားကုန်းတွင် မန်ဂျန်ရှားပင် ၂၀၀၊ ပျဉ်းကတိုး ပင် ၅၀၊ ကျွန်းပင် ၅၀ စုစုပေါင်း အရိပ်ရပင် ၃၀၀ ကိုလည်းကောင်း၊ စနဲကျေးရွာ ဒီရေတော တွင် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်၍ ဝန်ထမ်းများနှင့် ကျေးရွာနေ ပြည်သူ ၂၀ ခန့်က ဖြူးခြေတောက် အဖိုပင် ၂၅၀ နှင့် အမပင် ၂၅၀ ကို လည်းကောင်း စုပေါင်းစိုက်ပျိုးကြသည်။

မြို့နယ် (ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်တွင် ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်

**ပန်းတောင်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအဖွဲ့တို့ပူးပေါင်း၍ အခြေခံ ရှေးဦးပြုစုခြင်းသင်တန်း (၁/၂၀၂၂) ကို ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇွန် ၁၈ ရက်က ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်းမှ ဦးဝင်းကြိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးမြင့်သိန်းဦးက သင်တန်းနှင့် ပတ်သက်၍ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် ကြက်ခြေနီအကြောင်း သိကောင်းစရာ၊ အပူလောင်ခြင်း၊ ဒဏ်ရာအမျိုး အစား၊ ဦးစားပေးလူနာရွေးချယ်ပုံ စသည့် သင်ခန်းစာများကို ဇွန် ၁၈ ရက်မှ ဇွန် ၂၀ ရက်အထိ သုံးရက်ကြာပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

**သင်းသင်းအေး(ပြန်/ဆက်)**

## မြောက်ဦးမြို့တွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

**မြောက်ဦး ဇွန် ၁၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်ရေးအနေဖြင့် အလယ်ဈေးရပ်ကွက်နေပြည်သူများအား ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းများကို မြို့နယ်ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းပြီး ဇွန် ၁၉ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ နေအိမ်များသို့သွားရောက်ကာ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ခြင်ခိုအောင်းပေါက်ပွားနိုင်သော ရေလှောင်ကန်များ၊ ရေစည်များ၊ ရေတွင်း၊ ရေကန်များထဲသို့ အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

မြင့်စိုး (ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၉

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိ ရပ်ကွက်နေ စောပြည့်ခိုင် (၂၉)နှစ်သည် ၎င်းအသုံးပြုသည့် “Saw Pyae Khaine” Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ တောင်ရပ်ကွက်နေ အေးချမ်းပွင့်(ခ)ကူးညမ်း (၂၂)နှစ်သည် ၎င်းအသုံးပြုသည့် “Shwe Ya Min” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူးအနောက်ကျေးရွာနေ ခိုင်ခင်ဦး (၃၇)နှစ်သည် ၎င်းအသုံးပြုသည့် “Karenni Logistics Tean-KLT” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မြို့သစ်ရပ်ကွက်နေ ဝင်းမြင့်ထွန်း(ခ) ငြိမ်းချမ်းထွန်း (၄၄)နှစ်သည် ၎င်းအသုံးပြုသည့် “Win Myint Htun” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## မုံရွာမြို့တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၇၈ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ငွေကျပ် ၁ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၇၈ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်း ဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၄ ရက် ညနေ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် ကမ်းနားလမ်း အမြန်ရေယာဉ်ဆိပ် အနီးတွင် ဇော်မျိုးဝင်း(ခ)ဖိုးပြား မောင်းနှင်ပြီး နောင်နောင်(ခ) မြင့်နောင် လိုက်ပါလာသည့် SUZUKI မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုး ငွေကျပ် ၁ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၇၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့မှ ဟုမ္မလင်းမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန် သူများကို ဆက်လက် စစ်ဆေးဖော်ထုတ် လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

## မဟာအောင်မြေမြို့နယ်၌ ရွှေထည်များ လိုက်လံရောင်းချနေသူကို စစ်ဆေးရာမှ ခိုးမှုပေါ်ပေါက်

**နေပြည်တော် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဇွန် ၁၇ ရက်က ရွှေထည်များ လိုက်လံရောင်းချနေသူကို စစ်ဆေးရာ နေအိမ်တစ်အိမ်မှ ခိုးယူလာသောပစ္စည်းများဖြစ်ကြောင်း သိရှိရသောကြောင့် ဖမ်းဆီး အရေးယူထားသည်။

ဖြစ်စဉ်မှာ ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီခန့်က မဟာအောင်မြေမြို့နယ် မဟာအောင်မြေအနောက်ရပ်ကွက် ၈၃ လမ်းနှင့် ၈၅ လမ်းကြား ၃၉ လမ်း၌ အမျိုးသားတစ်ဦး ရွှေထည်များ လိုက်လံရောင်းချနေကြောင်း သတင်းအရ မဟာအောင်မြေနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅) ရပ်ကွက်နေ ဟိန်းထက်မြင့်(၁၈)နှစ်ကို ရွှေထည်ပစ္စည်းမျိုးစုံ ရှစ်မျိုး၊ ငွေစက္ကူ ၆၀၀,၀၀၀ ခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို စစ်ဆေးရာ အဆိုပါရွှေထည်ပစ္စည်းများနှင့် ငွေများကို နံနက် ၉ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်ရှိ နေအိမ်တစ်လုံးမှ ခိုးယူလာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသောကြောင့် ဟိန်းထက်မြင့်ကို မဟာအောင်မြေနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## တရားမဝင် ကျွန်းသစ်၊ အထည်အလိပ်များ၊ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် စက်လှေ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာ စက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ အဖွဲ့စုံဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်း မရှိသည့် အထည်အလိပ်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇,၈၆၆,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၁၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့က ဗန်းမော် မြို့နယ် မံမလင်းကျေးရွာအနီး ဧရာဝတီမြစ်ကြောင်း အတွင်း တရားမဝင် ရွှေတူးဖော်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေး ခဲ့ရာ ဗန်းမော်မြို့နယ် မံမလင်း ကျေးရွာအနောက် သုံးမိုင်ခန့် အကွာ မိုးစိမ်းကျွန်းအနီး ကိုင်းပင်များကြား၌ သစ်သားစက်လှေ တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀,၀၀၀)နှင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀,၀၀၀)၊ စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁,၀၀၀,၀၀၀)အား ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်း ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းခွဲသား (၅ ဒသမ ၅၁၄၄) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃,၆၃၉,၅၀၄)ကို ဖမ်းဆီး ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (အပေါ်ပုံ)



သို့ဖြစ်ပါ၍ ဇွန် ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ သုံးမှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂,၅၀၅,၅၀၄) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး / ပြည်နယ်ဥပဒေချုပ်များ၊ ပြည်နယ်ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ



**တောင်ကြီး ဇွန် ၁၉**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နိုင်ငံတော်အကြီးအကဲကလည်း မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများသည် ဥပဒေနှင့်အညီဖြစ်စေရန် လိုအပ်ကြောင်း၊ ဥပဒေပညာရှင်များ ထွက်ပေါ်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှုပြုလျက်ရှိကြောင်း၊ ဥပဒေအရာရှိများသည် ဥပဒေပြုရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်ကြသူများဖြစ်ပြီး အစိုးရအဖွဲ့မှစ၍ သက်ဆိုင်ရာဌာနအသီးသီးတို့တွင် ဥပဒေရေးရာကိစ္စများအပေါ် ဥပဒေအရာရှိများ၏ အကြံပြုချက်ကို ရယူဆောင်ရွက်ကြရန် အခြားတစ်ဖက်တွင်လည်း ဥပဒေကိုချိုးဖောက်မှုရှိခဲ့ပါက ဥပဒေအရ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း၊ ဥပဒေကို လိုက်နာမည်ဆိုပါက ဥပဒေ၏အကာအကွယ်ရရှိမည်ဖြစ်ပြီး ဥပဒေကို ချိုးဖောက်ပါက အရေးယူခြင်းခံရမည်ဖြစ်သည့်အတွက် မျှတမှုရှိပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည့်အတွက် ဒေသခံတိုင်းရင်းသားများနှင့် သဟဇာတဖြစ်အောင် နေထိုင်ကြရန်၊ ပြည်နယ်အတွင်း ကျရာဒေသတွင် တာဝန်ထမ်းဆောင်စဉ် ဖြစ်ပေါ်လာသည့် အခက်အခဲ၊ အတွေ့ကြုံရသည့် ထူးခြားဖြစ်စဉ်အပေါ် ပြည်နယ်ဥပဒေအရာရှိမှ တစ်ဆင့် ပြည်နယ်ဥပဒေချုပ်ထံ တင်ပြနိုင်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဥပဒေအရာရှိများ တွေ့ကြုံရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကိုနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က ဆွေးနွေးကြသည်။ ထို့နောက် ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက အမှာစကား ပြောကြားပြီး ပြည်နယ်ဥပဒေအရာရှိဦးဇော်ဇော်ထွေးက ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပြီး တက်ရောက်လာကြသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ/ခရိုင် ဥပဒေအရာရှိများက ဆွေးနွေးတင်ပြရှင်းလင်းကြရာ ဆွေးနွေးတင်ပြမှုအပေါ် ပြန်လည်ရှင်းလင်းကာ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက တင်ပြဆွေးနွေးမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်ပြောကြားသည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် ထပ်ဆင့်ရှင်းလင်းပွဲသို့ ရှမ်းပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ဒုတိယပြည်နယ်၊ ဒုတိယခရိုင်၊ ဒုတိယမြို့နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသမှ ခရိုင်ဥပဒေအရာရှိ စုစုပေါင်း ၅၉ ဦး တက်ရောက်ကြကြောင်းသိရှိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက်အတွင်း ရေဘေးသင့်မိသားစုများအား သွားရောက်တွေ့ဆုံအားပေး

**မြစ်ကြီးနား ဇွန် ၁၉**

ကချင်ပြည်နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိရာ ဧရာဝတီမြစ်ရေသည် ယမန်နေ့ညက စိုးရိမ်ရေမှတ် ၁၂၀၀ စင်တီမီတာအောက် ၉၆၀ စင်တီမီတာအထိ မြင့်တက်လာခဲ့သဖြင့် မြစ်ကြီးနားမြို့ မြေနိမ့်ပိုင်းဖြစ်သည့် ကြက်ပေါင်ခြံရပ်ကွက် နယ်မြေ (၈)နှင့် နယ်မြေ (၉) တို့တွင် ဧရာဝတီမြစ်ရေနှင့် မိုးရေများ ဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၈၉ ဦးတို့ကို ရေဘေးလွတ်ရာ နေရာများတွင် ခေတ္တရွှေ့ပြောင်းထားရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရေဘေးသင့် မိသားစုများကို သွားရောက်တွေ့ဆုံအားပေးထောက်ပံ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကြက်ပေါင်ခြံရပ်ကွက် နယ်မြေ (၈)၊ (၉)တို့မှ ရေဘေးသင့် အိမ်ထောင်စုများ ခေတ္တပြောင်းရွှေ့နေရာချထားပေးသည့် နေရာများသို့ သွားရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က နေထိုင်စားသောက်မှု အဆင်ပြေစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ အိမ်ထောင်စုများအတွက် ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ်၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေများ ပေးအပ်သည်။**(အပေါ်ပုံ)**

အဆိုပါ ရေဘေးသင့် အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၈၉ ဦးတို့ကို ကချင်ပြည်နယ်အစိုးရအဖွဲ့က စုစုပေါင်းတန်ဖိုးငွေကျပ် ၄၃၆၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၀ အိတ်၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၂၈၅၀ နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅၀၀၀၀ ရှိ အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့်မီတာခများများ
ကျသင့်ခြင်းမှ ရှောင်ရှားပါ။




## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်သာကီလမ်းနေ ဦးညိမ်းမောင်–ဒေါ်ငြိမ်းမြ၊ (ဦးဘအေး–ဒေါ်ကင်ကြည်)တို့၏မြေး၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် (၅)နေ ဦးအေးကို–ဒေါ်ခင်ချိုချိုတို့၏ တစ်ဦးတည်းသောသား၊ ဦးသီဟ–ဒေါ်ဥမ္မာကို၊ ဦးနိုင်ဝင်းထွန်း–ဒေါ်စန္ဒာကို၊ ဦးအောင်မျိုးလွင်–ဒေါ်အဥ္စလီကို တို့၏ မောင်၊

**ဒေါက်တာ ငြိမ်းချမ်းကို (B.D.S)(Ygn) နှင့်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာနေ (ဦးဘဟန်–ဒေါ်ကျင်အေး)၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်နေ(ဦးကျော်စိန်)–ဒေါ်တင်လှိုင်တို့၏မြေး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၃၉)နေ သီဟသုဓမ္မ မဏိဇောတဓရ ဦးအောင်သန်းစိန် – သီဟသုဓမ္မသိင်္ဂီ ဒေါ်အေးမြင့်သန်း တို့၏ တစ်ဦးတည်းသောသမီး

**မစိုးစိုးသန်း(M.A,English, University of East Yangon)**

**MBA(University of the Thai Chamber of Commerce)**

တို့သည် ၃၁-၅-၂၀၂၂ရက် (အင်္ဂါနေ့) PAN PACIFIC HOTEL (Pacific Ballroom 1)တွင်နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါသည်။

**ဒေါက်တာ ငြိမ်းချမ်းကို – မစိုးစိုးသန်း**

**စာအုပ်စာပေ လှူမိတ်ဆွေ**

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ 'တိုင်း' ကိုယ်ပိုင်အထက်တန်းကျောင်း Grade–7 မှ မောင်စိုင်းလောဝ်နွမ်ခေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းကျော်ဆွေ ၁၃/ နခန(နိုင်)၀၄၁၅၄၁ ဖြစ်ပါကြောင်း။

**ဦးစိုင်းကျော်ဆွေ**

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဆေးရုံအုပ်ကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့တွင် တက်ရောက်ကုသမှုခံယူသည့် လူနာများအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း (FDA အသိအမှတ်ပြု) ဆေးဝါးများနှင့် ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ **လျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်** | – | ၂၀-၆-၂၀၂၂ရက် |
| **တင်ဒါပိတ်မည့် ရက်နှင့်အချိန်** | – | ၁၅-၇-၂၀၂၂ရက်၊ ညနေ၄:၀၀နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်နယ်ပြည်သူ့ဆေးရုံကြီး ဘားအံမြို့ ဖုန်း–၀၅၈–၂၁၂၅၁ တွင် စုံစမ်းနိုင်ပါသည်။

**ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေး တင်ဒါကော်မတီ**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## အကြွင်လင်မယားအဖြစ်မှ (လုံးဝ) ပြတ်စဲပြီးကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရ.က.အ(၆)၊ ကွင်းကလေးလမ်း၊ အမှတ်(၃၄)နေ (ဘ) ဦးလှကြည်၏ သားဖြစ်သူ ဦးထွန်းထွန်း၊ ၁၄/ပသန(နိုင်)၀၄၀၄၁၉ သည် ပုသိမ်မြို့၊ ရ.က.အ(၂)၊ ချောင်းသာကားဂိတ်လမ်း၊ အမှတ်(၅၄/၅၅)နေ ဒေါ်ဇာဇာစန်းငွေ(ဘ) ဦးစန်းငွေ ၁၄/ပသန(နိုင်)၂၆၃၈၀၉ နှင့် ၂၀၀၀ ခုနှစ်ခန့်က အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရင်း သမီး မမေမီဖူးခင် နှင့် သား မောင်ကောင်းမြတ်လင်း ဟူ၍ သားသမီးနှစ်ဦး မွေးဖွားခဲ့ပါသည်။ ကျွန်တော် ဦးထွန်းထွန်းနှင့် ဒေါ်ဇာဇာစန်းငွေ တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းမတိုက်ဆိုင်သည့်အတွက် (၁၉.၃.၂၀၁၉) ရက်နေ့တွင် ပုသိမ်ခရိုင် တရားရုံးတော်တွင် မှတ်ပုံတင်အမှတ်– ၃၀၉/ ၂၀၁၉ ဖြင့် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ သို့ပါ၍ ဇနီးဖြစ်သူ ဒေါ်ဇာဇာစန်းငွေအား အကြင်လင်မယားအဖြစ်မှ လုံးဝပြတ်စဲကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စနှင့်မျှ မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးထွန်းထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှန်းလဲ့ရည်ပြုံး(LLB, CBL)**
**အထက်တန်းရှေ့နေ စဉ်– ၅၄၂၄၀**
**အမှတ်–၁၀၆ ၊ ကွင်းတန်းလမ်း၊ ရ.က. အ–၂၊ ပုသိမ်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ ၈ လမ်း၊ အမှတ် ၁၄၊ (၂)ခန်းတွဲ RC(၆)ထပ်တိုက် အဆောက်အအုံ၏ တတိယထပ်(၄)လွှာ၊ တိုက်ကို မျက်နှာမူလျှင် (ဝဲ)၊ဧရိယာ ၅၄၀ဒသမ၅ စတုရန်းပေရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ရင်ကြည် ၁၂/ဥကတ(နိုင်)၀၆၁၄၀၂ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ချယ်ရီသင်း ၁၄/ဖပန(နိုင်)၁၆၁၇၅၁က အပြီးအပြတ် ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချယ်ရီသင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်–၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ၂၀၂၂-၂၀၂၃ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် အထူးတင်ဒါငါးဖမ်းကွက်များ (ပထမအကြိမ်) တင်ဒါရောင်းချ

**မော်လမြိုင် ဇွန် ၁၉**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ အထူးတင်ဒါငါးဖမ်းကွက်များ ပထမအကြိမ် တင်ဒါရောင်းချပွဲကို ဇွန် ၁၄ ရက်က ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် ကျင်းပသည်။ **(ယာပုံ)**



တင်ဒါရောင်းချပွဲအခမ်းအနားတွင် ငါးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးက အမှာစကားပြောကြားသည်။ တင်ဒါရောင်းချပွဲသို့ ငါးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများနှင့် အထူးတင်ဒါပိုက်ချက်လုပ်ငန်းရှင်များ တက်ရောက်ပြီး အထူးတင်ဒါပိုက်ချက် ၉၇ ချက် ရောင်းချခဲ့ရာ ၅၅ ချက် ရောင်းချနိုင်ခဲ့ပြီး ငွေကျပ် ၈၁၈၀၇၁၃၀၀ ကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေ တိုးတက်ရရှိအောင် ရောင်းချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဂ္ဂထ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသော လုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီးဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## ၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာနှင့် ဘရူနိုင်းအသင်း အုပ်စုအဖွင့်ပွဲ ကစားရမည်

**ရန်ကုန် ဇွန် ၁၉**

၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာနှင့် ဘရူနိုင်းအသင်းသည် အုပ်စုအဖွင့်ပွဲ ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၁၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ဇူလိုင် ၂ ရက်မှ ၁၁ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၃ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၁၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုနှစ်ခုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် မလေးရှား၊ လာအို၊ တီမော၊ ကမ္ဘောဒီးယားနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဇူလိုင် ၂ ရက်တွင် ဘရူနိုင်းအသင်း၊ ဇူလိုင် ၄ ရက်တွင် ထိုင်းအသင်း၊ ဇူလိုင် ၆ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇူလိုင် ၈ ရက်တွင် ဗီယက်နမ်အသင်း၊ ဇူလိုင် ၁၀ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် ပိုမိုအားထုတ်ရဖွယ်ရှိနေပြီး အာဆီယံအင်အားကြီးများဖြစ်သည့် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်းတို့ကို ကျော်ဖြတ်ရမည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ●



၂၀၂၂ အာရှ အမျိုးသမီးကလပ်ပြိုင်ပွဲယှဉ်ပြိုင်မည့် ၂၀၁၈-၂၀၁၉ မြန်မာအမျိုးသမီးလိဂ် ချန်ပီယံ ISPE (အား/ကာသိပ္ပံ) အသင်း။

## ၂၀၂၂ အာရှ အမျိုးသမီးကလပ်ပြိုင်ပွဲ အရှေ့အာရှဇုန်တွင် မြန်မာကလပ်အသင်း ယှဉ်ပြိုင်ခွင့်ရရှိ

**ရန်ကုန် ဇွန် ၁၉**

အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် ၂၀၂၂ အာရှ အမျိုးသမီးကလပ်ပြိုင်ပွဲ အရှေ့အာရှဇုန်တွင် မြန်မာကလပ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသည်။ ယင်းပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု အမျိုးသမီးကလပ်အသင်းအဖြစ် ၂၀၁၈-၂၀၁၉ မြန်မာအမျိုးသမီးလိဂ် ချန်ပီယံ ISPE (အား/ကာသိပ္ပံ) အသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ပထမဆုံးနှစ်တွင် အာရှအင်အားကြီး ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ သြစတြေးလျတို့မှ ကလပ်လေးသင်းဖြင့်သာ ပြုလုပ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်တွင်မှ အနောက်အာရှဇုန်ပွဲစဉ်များသာ ပြုလုပ်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၂* ○

## ရောဝတီမြစ်ရေ ဗန်းမော်မြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ရန်

**နေပြည်တော် ဇွန် ၁၉**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မုံရွာမြို့တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၇၈ ကီလို ဖမ်းဆီးရမိ



ပြည်တွင်းသတင်း စာ - ၂၅

**တိုက်စစ်ကစားသမား အင်ခီတီယာကို သက်တမ်းတိုးစာချုပ် အာဆင်နယ် ချုပ်ဆို**
ပြည်တွင်းသတင်း စာ - ၁၂

**ကမ္ဘောဒီးယားနိုင်ငံ၌ ဖနောင်ပင် နိုင်ငံတကာတစ်ဝက်မာရသွန်ပြိုင်ပွဲ ကျင်းပ**
နိုင်ငံတကာသတင်း စာ - ၁၃

**ငွေကြေးဖောင်းပွမှုကြောင့် စားဝတ်နေရေးအတွက် ရုန်းကန်နေရတဲ့ လက်ဘနွန်ဂျုံစိုက်တောင်သူများ**
နိုင်ငံတကာရေးရာ စာ - ၁၄